# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၃)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 30 October 2025 ၁၁၉၈၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြစဉ်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

## ပစ္စည်းတန်ဖိုး ငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုး ငွေကျပ် ၁၂၅၀၅၃၄၅၀ စုစုပေါင်း တန်ဖိုး ငွေကျပ် ၂၉၅၈၉၄၂၆၀ ကို လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ဆင်ယင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ စာမျက်နှာ ၃ ကော်လံ ၁ သို့

ယနေ့ ဖတ်စရာ


နျူကလီးယားဓာတ်ပေါင်းဖို၊ နျူကလီးယားပြိုကွဲခြင်းနှင့် နျူကလီးယားပေါင်းခြင်း အကြောင်း
ဆောင်းပါး စာမျက်နှာ » ၆

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု အတည်ပြု
စာမျက်နှာ » ၈

ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်
စာမျက်နှာ » ၁၀



တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ
စာမျက်နှာ » ၁၁

## နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် လူသားအရင်းအမြစ်များမွေးထုတ်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြင့်မားရေးကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ၏ လူဦးရေထက်ဝက်ကျော်ခန့်သည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြသည်ဖြစ်ရာ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ မြှင့်တင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် MSME လုပ်ငန်းများကို အလေးထားဆောင်ရွက်ခြင်းနှင့် ထုတ်ကုန်အရည်အသွေး မြင့်မားတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်ရာ၌ ပုံမှန်ဆောင်ရွက်နေကျ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် အချို့သော စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိသည့် စက်မှုကုန်ကြမ်းများဖြင့် MSME လုပ်ငန်းများသာမက စက်မှုကုန်ထုတ်လုပ်ငန်းများပါ အားကောင်းလာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဝါ၊ ဝါး၊ ရော်ဘာစသည့်စက်မှုကုန်ကြမ်းပင်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ဝါစိုက်ပျိုးရေးမှ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ ဝါးစိုက်ပျိုးရေးမှ လူသုံးကုန်နှင့် စက္ကူလုပ်ငန်း၊ ရော်ဘာစိုက်ပျိုးရေးမှ တာယာနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေခံမြေခံအခြေခံကောင်းများ ပေါများကြွယ်ဝသဖြင့် စိုက်ပျိုးရေးထွက်ကုန်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စိုက်ပျိုးသူတောင်သူများ တွက်ခြေကိုက်ရေးနှင့် လိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ ပေးဝေဆောင်ရွက်ကြရမည်ဖြစ်သည်။ လိုအပ်သော အရည်အသွေးပြည့်မီသည့် ကုန်ကြမ်းများရရှိလာစေရန် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်၊ ဒေသအလိုက်ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များကို ကောင်းမွန်အကျိုးရှိစွာ အသုံးချနိုင်ရေးလေ့လာဆန်းစစ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် နိုင်ငံတော်နှင့်ဒေသအတွက် အကျိုးရှိနိုင်မည့်လုပ်ငန်းများကို ရှုထောင့်ပေါင်းစုံမှကြည့်၍ ဆောင်ရွက်သွားကြရန် နိုင်ငံတော်အကြီးအကဲက အသိပေးပြောကြားထားသည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်ကောင်းများလိုအပ်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက် ၂၅ နှစ် အထက် လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် ပညာရေးအားနည်းသဖြင့် ပညာရေးကို မဖြစ်မနေအလေးထားဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ ပညာရေးတွင် အကြောင်းအမျိုးမျိုးကြောင့် ပြီးမြောက်အောင် မသင်ကြားနိုင်ခြင်း၊ တတ်မြောက်အောင် မသင်ကြားနိုင်ခြင်းကြောင့် ပညာတတ်များ လိုအပ်လျက်ရှိသည်။ နိုင်ငံတွင် ပညာရေးအားကောင်းလာမှသာလျှင် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်ပြီး ယင်းတို့ကို ထိရောက်စွာအသုံးချ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တက္ကသိုလ်ဝင်တန်းအဆင့်အထိ ဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ အမြောက်အမြားရှိသည်။ တပ်မတော်က နိုင်ငံတော်တာဝန်ယူသည့် ၂၀၂၁ ခုနှစ်မှ လက်ရှိကာလအထိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် လူငယ်လူရွယ် ငါးသန်းခန့်ရှိသည်ဟု သိရသည်။ အဆိုပါလူငယ်လူရွယ်များအတွက် နိုင်ငံတော်က ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့်တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် ပိုလီတက္ကနစ်ကျောင်းများ ဖွင့်လှစ်သင်ကြားတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့သည်။

ကွန်ပျူတာနှင့်နည်းပညာကို ပေါင်းစပ်ထားသည့် ပိုလီတက္ကနစ်တက္ကသိုလ်များ ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှုများရရှိခဲ့ပြီး အကျိုးရလဒ်များ ပေါ်ထွက်လာသည်ကိုတွေ့ရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ရေရှည်အကျိုးစီးပွားကိုမြော်တွေးကာ ပညာရေးနှင့်ပတ်သက်ပြီး လူသားအရင်းအမြစ်အပေါ်မူတည်၍ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိအချိန်ကာလအထိ လူငယ်လူရွယ်အများစုအနေဖြင့် အလယ်တန်းအဆင့်တွင်ပင် ပညာရေးဆုံးခန်းတိုင်မှုဖြစ်နေသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ခရိုင်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုပညာသင် အထက်တန်းကျောင်းများကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများ အထိုက်အလျောက်ရရှိနေသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြင့်မားရေးအတွက် စိုက်ပျိုးမွေးမြူရေးကိုအခြေခံပြီး ကုန်ထုတ်လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေးနယ်ပယ်နှင့် စက်မှုနယ်ပယ်တို့တွင် ကျွမ်းကျင်သူများ အဆက်မပြတ်မွေးထုတ်ပေးနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် ပေါ်ထွက်လာသော လူသားအရင်းအမြစ်ကောင်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်လာရေးကို အရှိန်အဟုန်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၄၇ / ၂၀၂၅
၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်
(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

### တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ ကြည်း ၃၁၆၆၇ ဗိုလ်မှူးကြီး သိန်းဇော်မြင့်အား တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
အမှုဆောင်ချုပ်

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန

### လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

### ၂၉ - ၁၀ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၉ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၇၄ | ၆၃၂,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၀၀ | ၃,၆၅၈ | ၁၂,၅၇၂,၆၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁ | ၈,၀၀၀ |
| FPB | ၂,၁၀၀ | ၂,၂၀၀ | ၃၀၂ | ၆၆၄,၂၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၂၀၀ | ၅၇၀,၀၀၀ |
| EFR | ၁,၈၀၀ | ၁,၈၀၀ | ၁,၀၄၉ | ၁,၈၉၃,၅၀၀ |
| AMATA | ၃,၅၀၀ | ၃,၅၀၀ | ၁၀ | ၃၅,၀၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁၀ | ၃၃,၀၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၅၀ | ၁၃ | ၃၅,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



❂ ရှေ့ဖုံးမှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် ညွှန့်နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှု

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကို “နမော တဿ”သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံ ကထိန်လျာသင်္ကန်းကို လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ကထိန်ခံ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကော်မရှင်အဖွဲ့ဝင် ညွှန့်နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညွှန့်နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

»»» စာမျက်နှာ ၃ မှ
အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

**နာယူကြည်ညို**

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များသည် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဆရာတော်နှစ်ပါးတို့ထံမှ ကထိန်အမေးအဖြေများကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား အောက်တိုဘာ ၂၇ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရုံး၊ ဌာန အသီးသီးမှ ပဒေသာပင် စုစုပေါင်း ၉၀၊ ပစ္စည်းတန်ဖိုးငွေကျပ် ၁၇၀၈၄၀၈၁၀ နှင့် ငွေသားတန်ဖိုး ငွေကျပ် ၁၂၅၀၅၃၄၅၀ ဖြစ်သဖြင့် စုစုပေါင်း တန်ဖိုး ငွေကျပ် ၂၉၅၈၉၄၂၆၀ ကို လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**နေ့ဆွမ်း ဆက်ကပ်လှူဒါန်း**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။



သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများသို့ ပို့ဆောင်လှူဒါန်းစဉ်။





ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ် မိသားစုမဟာဘုံကထိန် အလှူတော်အဖြစ် လှူဒါန်းထား သည့် ပဒေသာပင်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တတိယအကြိမ် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ ကျင်းပနေသည့် ယူရေးရှားဒေသ လုံခြုံရေးဆိုင်ရာ မင့်စ်နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အောက်တိုဘာ ၂၈ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့နှင့်လည်းကောင်း၊ ယနေ့တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဇင်ရှူဇင်ကော့ဗ်နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြားဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ်အခြေခံ၍ အဆင့်မြင့်တင် ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတကာနှင့် ဒေသတွင်းတွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီလတ်ဗ်ရော့တို့ နှစ်နိုင်ငံ နိုင်ငံသားများအတွက် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရွေးကောက်ပွဲကော်မရှင်နှင့် ဒူးမားလွှတ်တော်တို့မှ လေ့လာသူများ စေလွှတ်သွားရန်ရှိကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံ နိုင်ငံသားများအတွက် အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပြုရေးဆိုင်ရာ သဘောတူစာချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ညှိနှိုင်းဆွေးနွေးပွဲအစီအစဉ် ၂၀၂၅- ၂၀၂၇ ခုနှစ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့တွင် ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဇင် ရှူဇင်ကော့ဗ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးဆိုင်ရာ သဘောတူညီချက်များနှင့် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများနှင့်တွေ့ဆုံပြီး မိမိတို့နေထိုင်သည့် ပတ်ဝန်းကျင်၏ ဘာသာစကားလေ့လာသင်ကြားရန်လိုကြောင်း၊ AI အပါအဝင် ခေတ်မီနည်းပညာများကို လေ့လာသင်ယူပြီး ရုံးလုပ်ငန်းတာဝန်များကို လျင်မြန်ချောမွေ့စွာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံကို ကိုယ်စားပြုသူများဖြစ်သဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်သွားရန်လိုကြောင်း၊ သံတမန်ဆိုသည်မှာ ရန်သူကိုပင် မိတ်ဆွေဖြစ်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ မိတ်ဆွေဖြစ်ပြီးသူများနှင့် နှစ်ဖက်အကျိုးစီးပွား ဖြစ်ထွန်းစေရန် ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း အိန္ဒိယရေကြောင်းဆိုင်ရာရက်သတ္တပတ်-၂၀၂၅ အခမ်းအနားတက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၉

အိန္ဒိယနိုင်ငံ၌ ရောက်ရှိနေသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယမန်နေ့က အိန္ဒိယနိုင်ငံ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီး Shri Sahntanu Thakur နှင့်အတူ ဂျာဝါဟာနေဟူ ဆိပ်ကမ်းအာဏာပိုင်က ကျင်းပသည့် ကုန်ပစ္စည်းများ ဖြန့်ဝေမှုကွင်းဆက် ခိုင်မာအောင် တည်ဆောက်ခြင်း (Fortifying Global Supply Chains) အခမ်းအနားကို တက်ရောက်ကြသည်။






အဆိုပါအခမ်းအနားကို ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးနှင့် ထုတ်လုပ်မှုဗဟိုချက်အဖြစ် အိန္ဒိယနိုင်ငံ၏ မဟာဗျူဟာမြောက် ရပ်တည်ချက်တွင် ခိုင်မြဲစေရန်၊ ရေကြောင်းကုန်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများအားကောင်းစေရန်၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချောမွေ့စေရန်နှင့် ဘက်စုံကဏ္ဍချိတ်ဆက်မှုကို မြှင့်တင်နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး အခမ်းအနားတွင် အိန္ဒိယရေကြောင်းဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် အခမ်းအနား၏ ဆောင်ပုဒ်ဖြစ်သော "Logistics Reinvented" သည် ဆွေးနွေးရန်အတွက်သာမဟုတ်ဘဲ မရှိမဖြစ်လိုအပ်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ခိုင်မာမှုရှိသော ထောက်ပံ့ရေးကွင်းဆက်များ တည်ဆောက်ခြင်းသည် သက်ဆိုင်ရာနိုင်ငံနှင့် ဒေသတွင်းစီးပွားရေးတိုးတက်သာယာဝပြောမှုအတွက် အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် တောင်အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများ အတွက် ဆက်သွယ်မှုဗဟိုချက် နေရာတွင် တည်ရှိနေပါကြောင်း၊ အနောက်ဘက်တွင် အိန္ဒိယ၏ ရှည်လျားသော ကမ်းရိုးတန်းတည်ရှိနေပြီး အရှေ့ဘက် အာဆီယံနိုင်ငံများအတွက် ရေကြောင်းကုန်သွယ်မှု တံခါးပေါက်အဖြစ် တည်ရှိနေပါကြောင်း၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်တစ်လျှောက် ရှည်လျားသော ကမ်းရိုးတန်းရှိနေခြင်းကြောင့် ဒေသဆိုင်ရာဆက်သွယ်မှုကွင်းဆက်တွင် အရေးကြီးသော ချိတ်ဆက်မှုတစ်ခု ဖြစ်နေပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့ဘက် ပင်လယ်ကမ်းရိုးတန်းနှင့် အာဆီယံနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ဈေးကွက်များကြားတွင် သယ်ယူပို့ဆောင်ရေးအတွက် အချိန်နှင့် ကုန်ကျစရိတ်များကို သိသာစွာလျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံ အကောင်အထည် ဖော်လျက်ရှိသော စစ်တွေဆိပ်ကမ်းနှင့် ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေးစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏ အရှေ့ဘက်ဆိပ်ကမ်းများကို မြန်မာနိုင်ငံမှတစ်ဆင့် အိန္ဒိယနိုင်ငံ၏ ကုန်းတွင်းပိတ် အရှေ့မြောက်ပြည်နယ်များနှင့် ချိတ်ဆက်ပေးသည့် လမ်းကြောင်းတစ်ခုဖြစ်သည့်အပြင် စစ်တွေမြို့သည် အဓိက ပင်လယ်ရေကြောင်း ဝင်ပေါက်အဖြစ် စီးပွားရေးစကြံအသစ်တစ်ခု ဖြစ်ပါကြောင်း၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီး စီမံကိန်းသည် အိန္ဒိယမှ အာဆီယံဗဟိုသို့ တိုက်ရိုက် ဆက်သွယ်နိုင်သော ကုန်းလမ်းကြောင်းတစ်ခု ဖြစ်ပါကြောင်း၊ အနာဂတ်တွင် ပြည်တွင်းထောက်ပံ့ပို့ဆောင်ရေး ခေတ်မီရေးနှင့် ဆိပ်ကမ်းများ ခေတ်မီရေးတို့ကို ဆောင်ရွက်ခြင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး အတွက် Single Window စနစ်များနှင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများကို အကောင်အထည် ဖော်ခြင်း၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် အခြေခံအဆောက်အအုံ ကဏ္ဍများတွင် ပုဂ္ဂလိကကဏ္ဍများ ပါဝင်စေရန် ဆွဲဆောင်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ နိုင်ငံကို ဖြတ်သန်းသွားရုံသာ မကဘဲ ထိရောက်၍ ကုန်ကျစရိတ် သက်သာစေပြီး အကျိုးပြုသည့် ထောက်ပံ့ပို့ဆောင်ရေး ဂေဟစနစ်တစ်ခုဖန်တီးရန် လူသားအရင်းအမြစ် ကျွမ်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာလွှဲပြောင်းမှုကဏ္ဍတွင် အတူတကွပူးပေါင်းဆောင်ရွက်သွားရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အိန္ဒိယနိုင်ငံ ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများအတွက် အိန္ဒိယနိုင်ငံ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်း ဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၏ MoU လက်မှတ်ရေးထိုးလဲလှယ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားအပြီးတွင် အိန္ဒိယနိုင်ငံ ပြည်နယ်၊ ဆိပ်ကမ်း၊ သင်္ဘောပို့ဆောင်ရေးနှင့် ရေကြောင်းဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သောအဖွဲ့နှင့် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြီး နှစ်နိုင်ငံကမ်းရိုးတန်းသွား သင်္ဘောများဆိုင်ရာ သဘောတူစာချုပ်နှင့် အဆိုပါသဘောတူစာချုပ်၏ စံပြုလုပ်ငန်းစဉ်များ၊ သင်္ဘောသားများ၏ လေ့ကျင့်ခြင်းနှင့် လက်မှတ်များကို အသိအမှတ်ပြုခြင်း နားလည်မှုစာချွန်လွှာ၊ သင်္ဘောသားများအတွက် သဏ္ဌာန်တူ သရုပ်ပြ အခြေခံလေ့ကျင့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် စာမေးပွဲစနစ်၊ သင်္ဘောများကို တာဝေးမှ ခြေရာခံ၍ ထောက်လှမ်းကြည့်ရှုခြင်းစနစ်နှင့် အိန္ဒိယနိုင်ငံသို့ဝင်ရောက်မည့် မြန်မာမှတ်ပုံတင်သင်္ဘောများအတွက် အကာအကွယ်ပေးရေးနှင့် လျော်ကြေးဆိုင်ရာ အာမခံကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**




# ကြံခင်းမြို့နယ်၌ သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ကြံခင်း အောက်တိုဘာ ၂၉

ကြံခင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက မြို့နယ် သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကြံခင်းမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးသိန်းဝင်းက အမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဆွေ၊ ကြံခင်းမြို့နယ် သမဝါယမအသင်းစု အုပ်ချုပ်မှုဒါရိုက်တာနှင့် ကြံခင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်သန္တာတို့က လုပ်ငန်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို အတွင်းရေးမှူး ဦးဝင်းနိုင်နှင့် အသင်းစာရင်းစစ်ဦးကျော်ကျော်တို့က ဖတ်ကြားတင်သွင်းအတည်ပြုခဲ့ကြသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ် (၃၈)တွင် စာပေထူးချွန်ဆုရရှိခဲ့သော သမဝါယမဦးစီးဌာနမှ ဌာနခွဲစာရေး ဒေါ်ကြည်ပြာစိုးမြင့်အား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# နျူကလီးယားဓာတ်ပေါင်းဖို၊ နျူကလီးယားပြိုကွဲခြင်းနှင့် နျူကလီးယားပေါင်းခြင်းအကြောင်း

ဒေါက်တာသန့်စင် (ရူပဗေဒ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခရီးစဉ်အတွင်း ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်က မော်စကိုမြို့ Atom Museum ၌ ကျင်းပသည့် ကမ္ဘာ့အဏုမြူသီတင်းပတ်ဖိုရမ် ၂၀၂၅ (World Atomic Week Forum 2025) သို့တက်ရောက်ကာ "နည်းပညာသစ် မွေးဖွားခြင်းမှ ကမ္ဘာသစ်အပြင်ဆီသို့ (From a New Technological Rollout to a New Worldview)" ခေါင်းစဉ်ဖြင့်ပြုလုပ်သော မျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ပါသည်။



ထိုဆွေးနွေးပွဲတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ပါဝင်သည့်အချက်များမှာ ယခုလက်ရှိတွင် ကမ္ဘာ့စွမ်းအင် လိုအပ်ချက်၏ ကိုးရာခိုင်နှုန်းကို နျူကလီးယား စွမ်းအင်မှ ရယူလျက်ရှိပြီး World Net – Zero Carbon Emission အရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များနှင့် နျူကလီးယားစွမ်းအင်ကို ပူးတွဲအသုံးပြုရန် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်းနှင့် မြန်မာနိုင်ငံသည် နျူကလီးယား စွမ်းအင်အသုံးပြုနိုင်ရေးအတွက် ၂၀၂၂ ခုနှစ်မှစ၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင် ကော်ပိုရေးရှင်း(ROSATOM)နှင့် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပြီး နျူကလီးယားစွမ်းအင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ခဲ့ခြင်းသည် နျူကလီးယားစွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ် စတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်ကို နိုင်ငံပိုင် သတင်းစာများတွင် လေ့လာဖတ်ရှုခဲ့ရပါသည်။

စာရေးသူသည် ၁၉၇၇ ခုနှစ်တွင် မန္တလေးတက္ကသိုလ်မှ ရူပဗေဒ အဓိကဘာသာရပ်ကို "(၅)ဘာသာဂုဏ်ထူးအထူးအောင်"ဖြင့် အောင်မြင်ပြီး မဟာသိပ္ပံဆက်လက်တက်ရောက်ခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ် မဟာသိပ္ပံကျမ်းပြုနေစဉ် တက္ကသိုလ်ဆရာ ဆရာမများခေါ်ယူသဖြင့် လျှောက်ထားဖြေဆိုခဲ့ပါသည်။ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလတွင် စစ်တက္ကသိုလ်ရူပဗေဒဌာန၌ သရုပ်ပြဆရာအဖြစ် စတင်ခန့်ထားသောကြောင့် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်( D. S. A )တွင် ခြောက်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထို့နောက် တက္ကသိုလ်အသီးသီးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ပြီး ရူပဗေဒပါမောက္ခ(ဌာနမှူး)၊ ထို့နောက် ပညာရေးသုတေသနဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ( N. E .S. P)တွင် Task Manager တာဝန်များယူ၍ ၂၀၁၇ ခုနှစ်တွင် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။

ရူပဗေဒနောက်ဆုံးနှစ်တွင် နျူကလီးယားရူပဗေဒ (Nuclear Physics)ကို မန္တလေးတက္ကသိုလ်၌ ရူပဗေဒဆရာမ ဒေါ်ရီရီမြ (ကထိက)က သင်ကြားပေးခဲ့ပြီး မဟာသိပ္ပံတန်းတွင် ဆရာကြီး ဦးကြီးမြင့်၊ ဆရာမကြီး ဒေါက်တာဒေါ်စုစုတို့အပြင် တစ်ခါတစ်ရံ ထိုစဉ်က ပါမောက္ခချုပ်ဆရာကြီး ဦးကျော်မြင့် အိမ်သို့ သွားရောက်လည်ပတ်တိုင်း ဆရာကြီးက နျူကလီးယားရူပဗေဒအကြောင်း ဗဟုသုတပြောကြားလေ့ရှိပါသည်။ ရူပဗေဒဌာနရှိနျူကလီးယားလက်တွေ့ပစ္စည်းများဖြစ်သော နျူကလီးယား ရေဒီယိုသတ္တိကြွပစ္စည်းတိုင်းကိရိယာ (Nuclear Counter)များကို ဆရာဦးခင်မောင်ကျော် (ရူပဗေဒသရုပ်ပြ)နောင်တွင် ကျောက်ဆည်တက္ကသိုလ်ပါမောက္ခချုပ်တို့က သင်ကြားပေးခဲ့ပါသည်။

၁၉၈၀ ပြည့်နှစ် မဟာသိပ္ပံကျမ်းတင်သွင်းရာတွင် ပြင်ပစာစစ်အဖြစ် စစ်တက္ကသိုလ်မှ ရူပဗေဒပါမောက္ခ/ဌာနမှူး(ငြိမ်း) ဆရာကြီး ဦးသိန်းဦးဖိုးစော (နိုင်ငံခြားတွင် နျူကလီးယား ရီအက်တာကို လေ့လာခဲ့သူ)က ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ကြောင့် ရူပဗေဒဘာသာရပ်တွင် ပါဝင်သော နျူကလီးယားရူပဗေဒကို စိတ်ဝင်စားခဲ့ရာ တက္ကသိုလ်ဆရာဘဝတွင် ၃၅ နှစ်ခန့် နျူကလီးယားရူပဗေဒဘာသာရပ်ကို သင်ကြားပို့ချပေးခဲ့ပါသည်။

## နျူကလီးယားစွမ်းအင်ထုတ်လုပ်ခြင်း

နျူကလီးယားစွမ်းအင် ထုတ်လုပ်ရာတွင် ယူရေနီယမ်အိုင်ဆိုတုပ် (Uranium Isotope) ယူရေနီယမ် – ၂၃၈ (U – 238)နှင့် ယူရေနီယမ် – ၂၃၅ (U – 235)တို့ကို အဓိကထားအသုံးပြုရပါသည်။ ယူရေနီယမ် – ၂၃၅ အက်တမ်တစ်ခု၏ နျူကလိယပ် (Nucleus)တွင် ပရိုတွန်(Proton) ၉၂ လုံးနှင့် နျူထရွန် (Neutron) ၁၄၃ လုံး ပါဝင်ကာ စုစုပေါင်း နျူကလီယွန် (Nucleon) ၂၃၅ လုံး ပါဝင်သောကြောင့် U – 235 ဟု ခေါ်ကြပါသည်။ ယူရေနီယမ်ဒြပ်စင်သည် ပရိုတွန်ကြွယ်ဝပြီး သဘာဝအရဖြစ်ပေါ်သည့် ဒြပ်စင်များတွင် နျူကလီးယားစွမ်းအင်ကို အစပျိုးရန်နှင့် ထိန်းချုပ်နိုင်ရန် လွယ်ကူသောကြောင့် နျူကလီးယား ဓာတ်ပေါင်းဖို (Nuclear Reactor) များတွင် နျူကလီးယားလောင်စာတောင့်အဖြစ် အများဆုံး အသုံးပြုကြပါသည်။ ယူရေနီယမ်ဒြပ်စင်ကို ၁၇၈၉ ခုနှစ်တွင် ဂျာမန်ဓာတုဗေဒပညာရှင် Martin Klaproth က စတင်တွေ့ရှိခဲ့ပါသည်။

ကမ္ဘာ့ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံကို ရုရှားနိုင်ငံက ၁၉၅၂ ခုနှစ် ဇွန်လတွင် တည်ဆောက်ခဲ့ပါသည်။ ထိုစက်ရုံသည် Peaceful Atom – 1 (A M – 1) အမည်ဖြင့် နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်လာခဲ့ပြီး လျှပ်စစ်ဓာတ်အား ၆ မဂ္ဂါဝပ် စတင်ထုတ်လုပ်ခဲ့ပါသည်။


၁၉၅၄ ခုနှစ်တွင် ဗြိတိန်နိုင်ငံက မဂ္ဂါဝပ် ၅၀ ထုတ်လုပ်နိုင်သည့် နျူကလီးယားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဆက်လက်တည်ဆောက်နိုင်ခဲ့ပါသည်။ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခုတွင် အဓိကပါဝင်သည့် အစိတ်အပိုင်းများမှာ (၁) နျူကလီးယား လောင်စာတောင့် (Nuclear Fuel) များဖြစ်သည့် သန့်စင်ထားသော ယူရေနီယမ် U – 235 နှင့် ပလူတိုနီယမ် P – 239 ပစ္စည်းများ၊ (၂) လောင်စာတောင့်များကို ဝင်ရောက်တိုက်ခိုက်ရာတွင် ပါဝင်သည့် နျူထရွန်များ (Neutrons)သည် စွမ်းအင်မြင့် အမြန်နျူထရွန်များ (Fast Neutrons) ဖြစ်သဖြင့် ထိုနျူထရွန်များကို အနှေးနျူထရွန်များ (Slow Neutrons)ဖြစ်ရန် ထိန်းချုပ်ပြောင်းပေးသည့် Moderators ဟုခေါ်သည့် ဂရပ်ဖိုက် (Graphite)၊ ရေ (သို့) ရေလေး(heavy water)ပစ္စည်း၊ (၃) ဓာတ်ပေါင်းဖို အအေးပေးခြင်းစနစ်တွင် သုံးသည့် Coolant ပစ္စည်းများဖြစ်သည့် ရေ၊ ကာဗွန်ဒိုင်အောက်ဆိုက်ပစ္စည်းများ၊ (၄) နျူကလီးယား ဓာတ်ပေါင်းဖိုကို လည်ပတ်ရာတွင် လိုအပ်သလို ထိန်းချုပ်နိုင်ရန် အသုံးပြုသည့်ပစ္စည်း Control Rods များဖြစ်သည့် ဘိုရွန် (Boron) ကက်ဒမီယမ် (Cadmium) ပစ္စည်းများ၊ (၅)အထက်ဖော်ပြပါပစ္စည်းများ ပါဝင်ထည့်သွင်းထားသည့် ဓာတ်ပေါင်းဖိုအိုး Reactor vessel၊ (၆) ဓာတ်ပေါင်းဖိုမှ ထုတ်လွှတ်သည့် ရေဒီယိုသတ္တိကြွပစ္စည်းများကို တားဆီးကာကွယ်ရန်နှင့် ဓာတ်ပေါင်းဖို ရုတ်တရက်ပေါက်ကွဲခြင်း၊ မြေငလျင်လှုပ်ခြင်းတို့မှ ကာကွယ်ရန် ဒီဇိုင်းထုတ် ကာကွယ်ထားသည့် Shielding တို့ ပါဝင်ပါသည်။ ထိုနျူကလီးယားဓာတ်ပေါင်းဖိုမှ ထွက်ရှိလာသည့် အပူစွမ်းအင်ကို အသုံးပြုကာ ရေနွေးငွေ့တာဘိုင်များကို လည်ပတ်စေပြီး တည်ငြိမ်လျှပ်စစ်ထုတ်ယူပေးခြင်းဖြစ်ပါသည်။

နျူကလီးယားပြိုကွဲခြင်း (Nuclear Fission) ဆိုသည်မှာ နျူထရွန်တစ်လုံးသည် ပရိုတွန်ကြွယ်ဝသည့် ယူရေနီယမ်ဒြပ်စင်တစ်ခုကို ဝင်ရောက်တိုက်ခိုက်ရာ ယင်းယူရေနီယမ်ဒြပ်စင်သည် နျူထရွန်တစ်လုံးကို ဖမ်းယူပြီး သေးငယ်သော ဒြပ်စင်နှစ်ခုဖြစ်သည့် ခရစ်ပတွန်ဒြပ်စင် (Krypton Kr – 92) နှင့် ဘေရီယမ်(Barium Ba – 141) အဖြစ် ကွဲသွားကာ ၎င်းတို့နှင့်အတူ နျူထရွန်သုံးလုံး (3– Neutron) ပါရှိလာပါသည်။

ထိုပါရှိလာသည့် နျူထရွန်သုံးလုံးသည် အခြားယူရေနီယမ်ဒြပ်စင်တွင်ပါသည့် ယူရေနီယမ်အက်တမ်များကို ထပ်မံဝင်တိုက်ပြီး အထက်ပါဖြစ်စဉ်အတိုင်း ဆင့်ကဲဆင့်ကဲ ဝင်တိုက်ရာမှ နျူကလီးယား ဆင့်ကဲတိုက်ခိုက်ခြင်းဖြင့် နျူကလီးယားပြိုကွဲဓာတ်ပြုခြင်းဖြစ်စဉ်ဖြစ်လာပါသည်။ နျူကလီးယားစွမ်းအင်တစ်ခု ပြိုကွဲလျှင် နျူကလီးယားစွမ်းအင် 200 MeV (Mega electron volt စွမ်းအင်ကို နျူကလီးယားဖြင့် ဖော်ပြသည့်ယူနစ်) ထွက်ရှိပါသည်။ ယင်းသည် လျှပ်စစ်စွမ်းအင် 5.4 x 106 k W H (kilo watt hour) နှင့်ညီမျှပါသည်။ ယူရေနီယမ်– U–235 တစ်ဂရမ်မှ ထွက်ရှိသည့် နျူကလီးယားစွမ်းအင်သည် ရေနံဆီပေါင်း နှစ်တန်ပမာဏမှ ထွက်ရှိသည့် လျှပ်စစ်စွမ်းအင်ကို ထုတ်ပေးနိုင်ပါသည်။

နျူကလီးယားပေါင်းခြင်း (Nuclear Fusion) ဖြစ်စဉ်သည် နျူကလီးယားပြိုကွဲခြင်းဖြစ်စဉ်နှင့် ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ပေါ့ပါးသည့် နျူကလီးယပ်နှစ်ခု (သို့) နှစ်ခုထက်ပိုသော နျူကလီးယပ်များ ထိတွေ့ကာ ပေါင်းစပ်သွားခြင်းဖြစ်ပါသည်။ စာမျက်နှာ ၇ သို့

> **မြန်မာနိုင်ငံ၏ လိုအပ်သည့် လျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို ဖြည့်ဆည်းရန်အတွက် တည်ငြိမ်သည့် လျှပ်စစ်စွမ်းအင်ကို ပေးနိုင်သည့် အဏုမြူစွမ်းအင်ကို တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာနှင့် ပြည်သူလူထုအကျိုးအတွက် အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်**



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ


## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်


**ရွေးကောက်ပွဲ ကျင်းပရန် ၅၉ ရက် သာ လိုတော့သည်။**

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် ၁၀၂ မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် ၁၀၀ မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၅၆ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၉ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ် ၅၆ နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။

☆ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ်(၁၀၃/၂၀၂၅)ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP)မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ် တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။




○ စာမျက်နှာ ၆ မှ

ဟိုက်ထရိုဂျင်အက်တမ်၏ အိုင်ဆိုတုပ် (Isotopes) များဖြစ်သည့် ဒျူထရွန် (Deuterium) H – 2 နှင့် ထရစ်တီယမ် H – 3 တို့ ပေါင်းစပ်ရာမှ သာမိုနျူကလီးယားပါဝါ (Thermo Nuclear Power) ဖြစ်ပေါ်လာကာ အလွန်ပြင်းထန်သည့် ဟိုက်ထရိုဂျင်ဗုံး (H – bomb) များအထိ ပြုလုပ်နိုင်ပါသည်။

**နျူကလီးယားပေါင်းစပ်ခေတ်ပြုခြင်းကို လိုအပ်သလို ထိန်းချုပ်ရန်ခက်ခဲ**

နျူကလီးယားပေါင်းစပ်ခြင်းမှရရှိသည့် စွမ်းအင်ပမာဏသည် (တူညီသည့် လောင်စာပမာဏမှာ) ကျောက်မီးသွေး၊ ရေနံ (သို့) သဘာဝဓာတ်ငွေ့များမှ ရရှိသည့် စွမ်းအင်ထက် အဆလေးသန်းနီးပါး ပိုများပြီး နျူကလီးယားပြိုကွဲခြင်းဖြစ်စဉ် (Nuclear Fission)မှ ရရှိသည့် စွမ်းအင်ထက် လေးဆပိုမို ထုတ်လုပ်နိုင်ပါသည်။ သို့ရာတွင် နျူကလီးယားပေါင်းစပ်ခေတ်ပြုခြင်းကို လိုအပ်သလို ထိန်းချုပ်ရန် ခက်ခဲနေသေးသဖြင့် နျူကလီးယားပေါင်းစပ်ခေတ်ပြုခြင်းဖြင့် တည်ဆောက်ထားသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တည်ဆောက်နိုင်ရန် ခက်ခဲနေခြင်းဖြစ်ပါသည်။

နျူကလီးယားဓာတ်ပေါင်းဖိုများ အမျိုးအစားများစွာရှိပါသည်။ ဖိအားပေးထားသည့် ရေကိုအသုံးပြုသည့် ဓာတ်ပေါင်းဖို (Pressurized Water Reactors – PWR) ရေနွေးငွေ့သုံးဓာတ်ပေါင်းဖို (boiling Water Reactor – BWR)၊ သေးငယ်သော Modular ဓာတ်ပေါင်းဖို (Small Modular Reactor–SMR) စသည်တို့ ဖြစ်ပါသည်။ SMR များသည် သာမန်ဓာတ်ပေါင်းဖိုများထက် ပိုမိုသေးငယ်ပြီး ရွှေ့ပြောင်းရလွယ်ကူပါသည်။ နဂိုရှိပြီးသား ဓာတ်အားလိုင်းများကို ဖြည့်စွက်ရန် အသုံးပြုလေ့ရှိပြီး ကုန်ကျစရိတ်သက်သာကာ တည်ဆောက်ရလွယ်ကူပါသည်။ ထို့အပြင် နျူကလီးယားအိုင်ဆိုတုပ် (Nuclear Isotope) များကို ကျန်းမာရေး၊ စက်မှုနည်းပညာနှင့် စိုက်ပျိုးရေး စသည့် နယ်ပယ်အသီးသီးတွင် အကျိုးရှိစွာ အသုံးပြုနိုင်ပါသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အဖွဲ့အေဂျင်စီ IAEA ၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်ပါသည်။ ၁၉၅၇ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် IAEA အဖွဲ့ဝင်နိုင်ငံ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ လိုအပ်သည့် လျှပ်စစ်စွမ်းအင်အရင်းအမြစ်ကို ဖြည့်ဆည်းရန်အတွက် တည်ငြိမ်သည့် လျှပ်စစ်စွမ်းအင်ကို ပေးနိုင်သည့် အဏုမြူစွမ်းအင်ကို တည်ဆောက်ရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အဆင့်မြင့်တက္ကသိုလ်၊ ကောလိပ်များမှ နျူကလီးယားပညာရှင်များကို မွေးထုတ်နေပြီး ပြည်ပနိုင်ငံများသို့လည်း ပညာတော်သင်များ စေလွှတ်လေ့ကျင့်ပေးနေပါသည်။ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာနှင့် ပြည်သူလူထုအကျိုးအတွက် အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကိုးကား –**


၁။ ရူပဗေဒအကြောင်း သိကောင်းစရာ (ပါမောက္ခ ဦးစံသာအောင်)
၂။ နျူကလီယရူပဗေဒ(ဒေါက်တာစုစု၊ ဦးကြီးမြင့်)
၃။ နျူးကလီးယားဖြောင့်ကြောင်း တစေ့တစောင်း (ဧကံ)
၄။ Nuclear Reactor Physics (S. E LIVERHANT)
၅။ Nuclear Reactor Engineering (Samuel Glasstone and Alexander Sesonske)


## ရန်ကုန်မြို့၌ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများသင်တန်းဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၂/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ စိုက်ပျိုးရေးဦးစီးဌာန (၉)မိုင်ဝင်း မရမ်းကုန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်နိုင်က အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးအတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ကင်းစင်ရေးသည် အရေးကြီးကြောင်းနှင့် ပိုးသတ်ဆေးအား ဥပဒေနှင့်အညီ ရောင်းချရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)သီးနှံကာကွယ်ရေးဌာနခွဲမှ သင်တန်းမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်လေးဇံက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက ဘာသာရပ်အလိုက် ရှင်းလင်းဆွေးနွေးကြသည်။



အဆိုပါသင်တန်းကို အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းရှင်များ၊ ပိုးသတ်မှိုင်းတိုက်လုပ်ငန်းဆောင်ရွက်သူများ စုစုပေါင်းသင်တန်းသား ၂၆၉ ဦး တက်ရောက်ကြောင်း သိရသည်။

မောင်အေးချမ်း(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ဝ၁ မိနစ် ဝ၂ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ တောင်–အရှေ့တောင်ဘက် ၅၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဂန့်ဂေါမြို့၏ အနောက်တောင်ဘက် ၂၅ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၉၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၈၄ ဒီဂရီ၊ အနက် ၇၂ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ပြဋ္ဌာန်းနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော်  အောက်တိုဘာ ၂၉**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေအား တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်က နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေ(မူကြမ်း) ရေးဆွဲရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)အပေါ် မရှင်းလင်းသည့် အကြောင်းအရာများကို ပြန်လည်ဆွေးနွေးပြီး ယင်းဥပဒေ(မူကြမ်း)သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အရေးကြီးသည့်ဥပဒေဖြစ်သဖြင့် လတ်တလော ပြဋ္ဌာန်းရန် လိုအပ်ခြင်း ရှိ/မရှိ ဆက်လက်တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြု ၁၇၄ ဦး ခန့်အပ်တာဝန်ပေး

**နေပြည်တော်  အောက်တိုဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာနမှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သော သစ်လွင်သူနာပြုများ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာပေးအပ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) နေပြည်တော်၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက ယခုအလုပ်ခန့်အပ်တာဝန်ပေးအပ်ခံရမည့် သူနာပြုဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်တာဝန်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့် ထမ်းရွက်ရာတွင် မိမိတို့တာဝန်ကျရာနေရာဒေသအသီးသီးသို့ သွားရောက်၍ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရမည်ဖြစ်ပြီး အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝရုံမျှမက မိမိတို့ သူနာပြုဆရာ ဆရာမများ လိုက်နာရမည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာကျင့်ကြံကြစေလိုကြောင်း၊ အခြေခံသူနာပြုစုမှုနှင့် သားဖွားအတတ်ပညာများကို




အသုံးပြု၍ ပြည်သူများအား ကျွမ်းကျင်ပိုင်နိုင်စွာဖြင့် ပြုစုပေးနိုင်သော မှန်ကန်သည့်ခံယူချက်ရှိသည့် သူနာပြု ဆရာ ဆရာမကောင်းများ ဖြစ်ကြစေလိုကြောင်း၊ မိမိတို့သူနာပြုအသက်မွေးဝမ်းကျောင်း လုပ်ငန်းတာဝန်များနှင့်အညီ ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ စည်းကမ်းရှိရှိ ပြုမူနေထိုင်စေလိုပါကြောင်း၊ ပြည်သူလူထုနှင့်ဆက်ဆံရာတွင် ဖော်ရွေစွာ ပြောဆိုဆက်ဆံကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၈၄ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့ (ပုံမှန်)အောင်မြင်သူ ၉၀ စုစုပေါင်း ၁၇၄ ဦးကိုယ်စား သစ်လွင်သူနာပြုနှစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာများ ပေးအပ်ပြီး သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ တာဝန်ပေးအပ်သည့် ဌာနဆိုင်ရာအမိန့်စာပေးအပ်ပွဲအပြီးတွင် သစ်လွင်သူနာပြုများအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက သစ်လွင်သူနာပြုများနှင့်အတူ လန်းဆန်းစာများကို ရင်းနှီးချစ်ခင်စွာ အတူတကွသုံးဆောင်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလနှင့် မေလတို့တွင် သူနာပြု ၃၂၈၇ ဦးတို့ကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခု အတည်ပြု



**ရန်ကုန်  အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကော်မတီအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ ထုတ်လုပ်သည့် ပစ္စည်းနမူနာ ပြသထားရှိမှုများကို ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီက စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လေးခုတို့ကို အတည်ပြုပေးသည်။

ယနေ့ အတည်ပြုပေးခဲ့သည့် လုပ်ငန်းများသည် CMP စနစ်ဖြင့် wearing apparel အမျိုးမျိုးနှင့် အဝတ်အထည်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်းများဖြစ်ပြီး အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏသည် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁၉၆ သန်းဖြစ်ကာ ပြည်တွင်းရှိ အလုပ်သမား ၃၆၉၅ ဦးအတွက် အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်မည့် လုပ်ငန်းတစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၀ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ(နေကြာ)စိုက်ဧက ပြည့်မီစေရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စားရေရိက္ခာဖြည့်တင်းရန် စိုက်ပျိုးရေးထုတ်ကုန်များကို ယခင်ကထက် ပိုမိုတိုးတက်ထုတ်လုပ်ရန် လိုအပ်ပြီး ဆန်၊ စပါး၊ ပဲ၊ ဆီ ဖူလုံအောင် သာမက အခြားသီးနှံများကို တစ်သီးမှ နှစ်သီး၊ သုံးသီးအထိ မိမိတို့ဒေသ၏ လယ်မြေများတွင် နေရာလပ်မကျန် အချိန်မီစိုက်ပျိုးထားရန် လိုအပ်ကြောင်း၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ဆောင်ရွက်မည့် ဆီထွက်သီးနှံ(နေကြာ) စီမံကိန်းလျာထားချက်ပြည့်မီစွာ စိုက်ပျိုးထုတ်လုပ်ရေး ဆောင်ရွက်မည့် နည်းလမ်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းပြီး စီမံကိန်းအောင်မြင်အောင် ဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၅ - ၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ(နေကြာ) စီမံကိန်းလျာထားချက်များ၊ မျိုးရရှိရေး၊ ဓာတ်မြေဩဇာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခွဲထက်ကို(ပြန်/ဆက်)**

# မုဒုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ပညာရေးဝန်ဆောင်မှု ပုဂ္ဂလိကစာသင်ကျောင်းဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပ

**မုဒုံ  အောက်တိုဘာ ၂၉**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် သမဝါယမအသင်းစုလီမိတက်၏ ပညာရေးဝန်ဆောင်မှု ပုဂ္ဂလိကစာသင်ကျောင်းဆောင် ဆောက်လုပ်မည့် မြေနေရာအား ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့မ(၁)ရပ်ကွက် မြို့နယ်အားကစားကွင်းအရှေ့ရှိ မြေနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ဆောင်မှု ပုဂ္ဂလိကစာသင်ကျောင်းဆောင် ဆောက်လုပ်မည့်မြေနေရာအား ခေတ္တပြည်နယ်ဝန်ကြီးချုပ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ဌေးမြင့်အေးနှင့် ပြည်နယ်ဝန်ကြီးများက ပန္နက်တင်မင်္ဂလာပြုပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI အဖွဲ့နှင့် WHO၊ UNICEF အဖွဲ့တို့မှ တာဝန်ရှိသူများ လာရောက်တွေ့ဆုံ

**နေပြည်တော်    အောက်တိုဘာ ၂၉**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် (Global Alliance for Vaccines and Immunization– GAVI) မှ Senior Country Manager ၊ Mr. Ricard Lacort Monte ဦးဆောင်သောအဖွဲ့နှင့် ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)တို့မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းအား နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။



**ကာကွယ်ဆေးထိုးနှံတိုက်ကျွေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအနေဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ခဲ့သည့် ကျောက်မဲမြို့နယ်၊ သီပေါမြို့နယ်နှင့် နောင်ချိုမြို့နယ်တို့ကို နိုင်ငံတော်က နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ပြည်သူလူထုအား အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကုသရေးလုပ်ငန်းများ ဆောလျင်စွာ ဆောင်ရွက်ခြင်း၊ ပုံမှန်ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ Catch–up နည်းလမ်းဖြင့် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း၊ အသက်(၁၅)နှစ်အောက်ကလေးများကို အသက်အရွယ်အလိုက် လိုအပ်သောကာကွယ်ဆေးများကို အထူးအစီအစဉ်ဖြင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်း (Special Immunization Activities) တို့ကိုလည်း အထူးဦးစားပေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မန္တလေးငလျင်ကြီး ဖြစ်ပွားပြီးနောက်ပိုင်းတွင်လည်း ငလျင်ဘေးသင့်ဒေသများနှင့် တစ်နိုင်ငံလုံးတွင် ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ၊ ကပ်ရောဂါအသွင်ဖြစ်ပွားမှု (လုံး၀)မရှိခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို လိုအပ်သောကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် အရေးကြီးလုပ်ငန်းတစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်၏ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော GAVI၊ WHO၊ UNICEF အဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကူညီပံ့ပိုးပေးခဲ့မှုများအတွက်လည်း ကျေးဇူးတင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ GAVI၊ WHO၊ UNICEF အဖွဲ့မှ တာဝန်ရှိသူများသည် မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများ၊ GAVI 6.0 ရန်ပုံငွေလျှောက်ထားခြင်းဆိုင်ရာ ကိစ္စရပ်များအပါအဝင် ဆက်လက်ဆောင်ရွက်မည့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် GAVI နှင့် WHO၊ UNICEF တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် (၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် လက်တွေ့အသုံးချညီလာခံ တက်ရောက်

**နေပြည်တော်    အောက်တိုဘာ ၂၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် လက်တွေ့အသုံးချညီလာခံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ညီလာခံကို ဒစ်ဂျစ်တယ်ခေတ်တွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် ကမ္ဘာ့နိုင်ငံနှင့် အဖွဲ့အစည်း(၆၀)ကျော်မှ လူ့အခွင့်အရေးကော်မရှင်ကိုယ်စားလှယ်များ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ညီလာခံဖွင့်ပွဲတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ Mr. Vladimir Putin က ပေးပို့သော ကြိုဆိုနှုတ်ဆက်မိန့်ခွန်းကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရုံး အကြီးအကဲက ဖတ်ကြားပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ Mr. Vyacheslav Volodin နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Sergey Lavrov တို့၏ ကိုယ်စားကြိုဆိုနှုတ်ဆက်စကားများကို သက်ဆိုင်ရာဌာနအကြီးအကဲများ တက်ရောက်ပြောကြားကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Prof. Tatiana Moskalkova က အဖွင့်အမှာစကားပြောကြားသည်။



**ဆွေးနွေးပြောကြား**

ညီလာခံတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေးများ ဖော်ဆောင်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် လူ့အခွင့်အရေးများ မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးနိုင်သည့် Learning Management System ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကော်မရှင် Mobile Application ဆောင်ရွက်ထားရှိခြင်း၊ နိုင်ငံသားများ အွန်လိုင်းမှ တိုင်တန်းချက်များပေးပို့နိုင်ရန်နှင့် သတင်းအချက်အလက်များရရှိနိုင်ရန် ရည်ရွယ်၍ ကော်မရှင် ဝက်ဘ်ဆိုက်တည်ထောင်ထားရှိခြင်း၊ အခွင့်အရေးအခြေပြု ဒစ်ဂျစ်တယ်စနစ် ဖြစ်စေရန်အတွက် ကော်မရှင်တွင် e-Government ဌာနဖွဲ့စည်းထားရှိခြင်းတို့ကို ဆောင်ရွက်ထားပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် ဒစ်ဂျစ်တယ်ဖြစ်ပေါ်တိုးတက်မှုနှင့်အတူ လူ့အခွင့်အရေးများအပေါ် စိန်ခေါ်မှုများစွာရှိပါကြောင်း၊ ထိုစိန်ခေါ်မှုများကို တစ်နိုင်ငံတည်းက ဖြေရှင်းနိုင်မည်မဟုတ်ဘဲ အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ အနာဂတ် ဒစ်ဂျစ်တယ်ခေတ်တွင် လွတ်လပ်မှု၊ ညီမျှမှုနှင့် လူ့ဂုဏ်သိက္ခာတို့ကို အလေးထားသည့် လူ့အခွင့်အရေးအခြေပြု ဒစ်ဂျစ်တယ်အနာဂတ်တစ်ခု ဖြစ်ပေါ်လာစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ Prof. Tatiana Moskalkova နှင့် သီးသန့်တွေ့ဆုံပြီး အဖွဲ့အစည်းနှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများကို ဆွေးနွေးကြသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့အကြား လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါခရီးစဉ်အတွင်း ကော်မရှင်ဥက္ကဋ္ဌသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ရုံးချုပ်သို့ သွားရောက်ကာ လူ့အခွင့်အရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုလေ့လာခဲ့သည်။

ထို့ပြင် ကော်မရှင်ဥက္ကဋ္ဌသည် အင်ဒိုနီးရှားနိုင်ငံ၊ ဆူဒန်နိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်အဖွဲ့များနှင့်လည်း သီးခြားစီတွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ညီလာခံအပြီးတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌသည် လေကြောင်းခရီးဖြင့်ပြန်လည်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ယမန်နေ့က ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဥတ္တရသီရိမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပွင့်လင်းရာသီ ရောက်ရှိလာပြီဖြစ်၍ ရပ်ကွက်/ကျေးရွာများတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရသီရိမြို့နယ် တောင်ညိုနယ်မြေ မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးသန်းလှိုင်နှင့် သန္နေမီးသတ် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက တောင်ညို ကျေးရွာအုပ်စု ဆယ်သိန်းကျေးရွာအတွင်း အရေးပေါ် မီးသတ်တယ်လီဖုန်းနံပါတ်များ ဖြန့်ဝေပေးခြင်း၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်ချက်များကို လိုက်လံစစ်ဆေး၍ မီးမလောင်ခင် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မီးလောင်လျှင် ဆောင်ရွက်ရမည့် နည်းလမ်းများနှင့် မီးလောင်ပြီး ဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အသိပေးကြေညာချက်

၁။ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ တန်နှင့်အထက် (သို့မဟုတ်) စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ထားရှိသော ဆန်စပါးသိုလှောင်ရုံပိုင်ရှင်များသည် မြန်မာဆန်စပါးအွန်လိုင်း (MyRO) www.myro.com.mm တွင် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူရန်လိုအပ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန က ၂၄-၁၀-၂၀၂၄ ရက်နေ့တွင် အမိန့်အမှတ် (၈၂/ ၂၀၂၄) ကို ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ဆန်စပါး သိုလှောင်ရုံပိုင်ရှင်များအနေဖြင့် မပျက်မကွက် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၂။ မြန်မာဆန်စပါးအွန်လိုင်း (MyRO) စနစ်တွင် မှတ်ပုံတင်ထားပြီးဖြစ်သော သိုလှောင်ရုံများအနေဖြင့်လည်း လစဉ်လဆန်း (၁) ရက်နေ့မှ (၇) ရက်နေ့အတွင်း ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းများကို Myro Website ရှိ မိမိ၏ Account တွင် မပျက်မကွက် စာရင်းထည့်သွင်းပေးရန်၊ ပြည့်စုံမှန်ကန်သော အချက်အလက်များကို တာဝန်ယူ၊ တာဝန်ခံ၍ ထည့်သွင်းပေးရန်နှင့် အခါအားလျော်စွာ လာရောက်စစ်ဆေးရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

၃။ အထက်အပိုဒ် (၁) ပါအတိုင်း သိုလှောင်ရုံ မှတ်ပုံတင်လက်မှတ် လျှောက်ထားရန် ပျက်ကွက်လျှင်ဖြစ်စေ၊ အပိုဒ် (၂) ပါ လစဉ် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် စာရင်းအား ပြည့်စုံမှန်ကန်စွာ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၈၂/ ၂၀၂၄) ပါ သတ်မှတ်ချက်များနှင့်အညီ အရေးယူခြင်း၊ သို့မဟုတ် မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း၊ သို့မဟုတ် နည်းလမ်းနှစ်ရပ်စလုံးဖြင့် အရေးယူခြင်းကို ဆောင်ရွက်နိုင်ပါသဖြင့် သိရှိလိုက်နာဆောင်ရွက်ရန်နှင့် သိရှိလိုသည်များရှိပါက www.myro.com.mm တွင်လည်းကောင်း၊ စားသုံးသူရေးရာ ဦးစီးဌာန၏ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်ရုံးများတွင်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ရုံးတွင်လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူများအား ဆောင်းသီးနှံမျိုးစေ့နှင့် သွင်းအားစုဓာတ်မြေဩဇာပေးအပ်၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**ဒိုက်ဦး အောက်တိုဘာ ၂၉**

ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်အတွင်းရှိ တောင်သူများအား ဆောင်းသီးနှံမျိုးစေ့နှင့် သွင်းအားစု ဓာတ်မြေဩဇာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်သည်။



**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဒေသခံတောင်သူများနှင့် တွေ့ဆုံရာ ဆောင်းသီးနှံတွင် ပဲအမျိုးမျိုးနှင့် ဆီထွက်သီးနှံကို အားထည့်စိုက်ပျိုးသည့် ဒေသတစ်ခုဖြစ်၍ ပြည်ပပို့ စိုက်ပျိုးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်း မပါရှိစေရေး အလေးထားလိုက်နာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားတိုးတက်စေရေးအတွက် ရေကြီးရေနက်ကွင်းများကို ရေတော်မိုးတော်စိုက်ကေအဖြစ် နှစ်စဉ်အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသကြက်နှင့်ဘဲ တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်အထိ တိုးချဲ့မွေးမြူကြရမည်ဖြစ်ပါကြောင်း၊ သွင်းအားစု ဓာတ်မြေဩဇာများကို တောင်သူကိုယ်တိုင်လုပ် သဘာဝမြေဩဇာနှင့် အချိုးကျရောစပ်သုံးစွဲကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံတောင်သူများအား ဆောင်းသီးနှံမျိုးစေ့များဖြစ်သည့် မြေပဲ၊ ပဲတီစိမ်း၊ နေကြာ၊ ပဲပိစပ်၊ ပိုက်ဆံလျှော်နှင့်သွင်းအားစုဓာတ်မြေဩဇာများ ပေးအပ်ပြီး ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ဦးဇော်လွင်၏ ကာကီကင်းမျိုး ဥစားဘဲကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ လက်ခုပ်ကွင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဒေသကြက် ၁၀၀၀၀နှင့် ဥစားဘဲကောင်ရေ ၅၀၀၀ မွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာအဖြစ် ရေကျောက်ခက်မွေးမြူရေးကန်များ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကတုတ်ဘုရားကြီးကျေးရွာအုပ်စုအတွင်းရှိ ယခင်စိုက်ပျိုး၍မရသော သဲဆန်ကုန်းကြောလယ်မြေအမျိုးအစား၌ ယာ-၁၄ စပါးမျိုး စိုက်ပျိုးအောင်မြင်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး မြို့နယ်အလိုက်ရှိ သဲဆန်ကုန်းကြော လယ်မြေများတွင် ပန်းတိုင်အထွက်နှုန်းရရှိသည့် ယာ-၁၄ စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## မိတ္ထီလာမြို့နယ်၌ မိုးဝါများခူးဆွတ်မှု ကွင်းဆင်းအားပေးကြည့်ရှု

**မိတ္ထီလာ အောက်တိုဘာ ၂၉**

မိတ္ထီလာမြို့နယ် လှည်းပွဲကျေးရွာ ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးချစ်မြိုင်၏ မိုးဝါနှစ်ကေစိုက်ခင်းတွင် မိုးဝါခူးဆွတ်နေမှုကို မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးလှိုင်မိုးနှင့် တာဝန်ရှိသူများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါအသင်းသားတောင်သူ၏ နှစ်ကေ မိုးဝါစိုက်ခင်းမှ နှစ်ကြိမ်ခူးဆွတ်ပြီးစီးချိန်တွင် တစ်ကေ ၁၄၂ ပိဿာ ရရှိပြီးဖြစ်ကာ ကျန်ရှိဝါများခူးဆွတ်ပြီးပါက ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ကျော် ရရှိမည်ဖြစ်သည်။

မြို့နယ်အတွင်း သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးဝါစိုက်ပျိုးသည့် ရွှေဝါမြေစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းမှ အသင်းသားတောင်သူ ၁၂ ဦး၏ မိုးဝါ စိုက်ကေ ၄၁ ကေ၌ Raka-666 နှင့် TBL-195 ဝါမျိုးများစိုက်ပျိုးထားရှိရာ အဆိုပါအသင်းသား တောင်သူများစိုက်ပျိုးထွက်ရှိသည့် မိုးဝါများအား ဈေးကောင်းရရှိရေးနှင့် ဈေးနှိမ်ခံရခြင်းမရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ကျောက်တန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ကျောက်တန်း အောက်တိုဘာ ၂၉**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ကန်ပြောင်ကျေးရွာအုပ်စုရှိ မိုးစပါးဧကငါးဧက စံပြစိုက်ခင်း၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။



အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိ ဦးမျိုးသန်း၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့်တောင်သူများ စုစုပေါင်းအင်အား ၅၀ ခန့်တက်ရောက်ခဲ့ပြီး ကန်ပြောင် ကျေးရွာအုပ်စုရှိ တောင်သူ ဦးထိန်လင်း ပိုင်ဆိုင်သော လယ်ငါးဧကတွင် ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးထားသော မော်ဘီ-၃ စပါးမျိုးအား စံကွက်ရိတ်သိမ်းရာ အစိုအထွက်နှုန်း ၁၂၈ တင်း၊ အခြောက်အထွက်နှုန်း ၁၁၈ တင်း ထွက်ရှိကြောင်း သိရသည်။

**သန့်ဇင်ထွန်း (ကျောက်တန်း)**

## ဒိုက်ဦးမြို့နယ် သမဝါယမကဏ္ဍမှ မိုးစပါးရိတ်သိမ်းခြွေလှေ့မှု ကွင်းဆင်းကြည့်ရှု

**ဒိုက်ဦး အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် ရွှေလွင်မြေစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်က စိုက်ပျိုးထားသော YSR-1 (အောင်နိုင်တိုး)မိုးစပါး စံပြကွက်ရိတ်သိမ်းမှုကို ယမန်နေ့က ပျဉ်းမလွင်ကျေးရွာရှိ တောင်သူ ဦးဇော်ဝင်းသိန်း၏ လယ်မြေ၌ ပြုလုပ်သည်။



အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းရာသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံအသင်းသားတောင်သူများက စပါးရိတ်ခြွေစက်ဖြင့် ရိတ်ခြွေနေမှုများကိုကြည့်ရှုပြီး စိုက်ပျိုးထားသည့် YSR-1 (အောင်နိုင်တိုး) စပါးစံပြစိုက်ခင်းကို ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း အစို ၁၂၅ တင်း၊ အခြောက် ၁၁၀ ဒသမ ၅ တင်း ထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**တောင်ကြီး အောက်တိုဘာ ၂၉**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် ညနေ ၄ နာရီခွဲက တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကျင်းပရာ အဝေရာမီးပုံးပျံကွင်းတွင်ဒေသခံအဆိုတော်များကခေတ်ပေါ်တေးဂီတ တီးဝိုင်းဖြင့် ရှမ်းရိုးမကအိုးစည်သံ၊ မြေပြန့်သူလေး နောင်းပိန်နောင်း၊ ရိုးရာမပျက်တဲ့မြေ သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ၂၀၂၅ ခုနှစ် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်အား တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ကျင်းပရေးကော်မတီ နာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်နိုင်ဦး၊ ပြည်နယ်တရားလွှတ်တော်တရား သူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တောင်ကြီးမြို့ တန်ဆောင်တိုင် ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ကို ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ပွဲတော် ကာလအတွင်း မြို့လုံးကျွတ်ဘုံကထိန်ပဒေသာပင် လှည့်လည်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မီးပဒေသာပင်လှည့်လည်ပူဇော်ပွဲ၊ နေ့လွှတ်မီးပုံးပျံ ၂၅၈ လုံး၊ ညလွှတ်မီးပုံးပျံညမီးကြီး ၄၃ လုံး၊ စိန်နားပန်မီးပုံးပျံ ၃၇ လုံး မီးပုံးပျံပြိုင်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် တောင်ကြီးမြို့ တန်ဆောင်တိုင် ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က တန်ဆောင်တိုင် ပွဲတော်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး စိန်နားပန် မီးပုံးပျံတစ်လုံး လွှတ်တင်ပေး၍ တိုင်းရင်းသား တိုင်းရင်းသူများက မီးပုံးပျံအလတ် အလုံး ၅၀၊ ကျောင်းသား ကျောင်းသူ ၉၀၀ က မီးပုံးပျံအသေး ၃၀၀ လွှတ်တင်ပေးကာ မီးရှူး၊ မီးပန်းပစ်ဖောက် ပေးကြပြီး အဆိုတော် ဟိန်းကိုနှင့် အာကာဟိန်းတို့က "လှမ်းခဲ့ပါချယ်ရီမြေနှင့် မင်္ဂလာပါမိုင်ဆုန်ခ" သီချင်း ဖြင့် ဖျော်ဖြေ၍ တိုင်းသားယဉ်ကျေးမှုအကအဖွဲ့နှင့် ပညာရေးဒီဂရီကောလိပ်အကအဖွဲ့တို့က တူညီအက ဖြင့် တင်ဆက်ဖျော်ဖြေပေးကြပြီး ခေတ်ပေါ်တေးဂီတ တီးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် ပွဲတော်တွင် ညမီးကြီး ၂၂ ပေ ၂၅ လုံး၊ ၂၅ ပေ ၁၈ လုံး၊ စိန်နားပန် ၁၈ ပေ ၃၇ လုံး စုစုပေါင်းအလုံး ၈၀၊ နေ့လွှတ်အရုပ်မီးပုံးပျံ အရုပ်ခြေနှစ်ချောင်း ၁၉၃ လုံး၊ အရုပ်ခြေလေးချောင်း ၉၃ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၃၆၁ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ညလွှတ်မီးပုံးပျံကို နေ့ရက်အလိုက် ည ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်ပြီး နေ့လွှတ်အရုပ်ပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက် လွှတ်တင်သွားမည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မြစ်ကြီးနားမြို့၌ စတုတ္ထအကြိမ်မြောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၂၉**

ကချင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စတုတ္ထအကြိမ်မြောက် စာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၉ နာရီက မြစ်ကြီးနား မြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း အင်ဂျန်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးမိုးမင်းသိန်းက အမှာစကား ပြောကြားသည်။




ပွဲတော်အတွင်း ကျောင်းသား လူငယ်လူရွယ်များအတွက် ဉာဏ စွမ်းရည်ပြိုင်ပွဲများအဖြစ် လူထု အခြေပြုဗဟိုဌာန (မြစ်ကြီးနား) တွင် ကျင်းပခဲ့သော ကျပန်းနှင့် ပုံပြင်ပြောပြိုင်ပွဲများတွင် ဆုရရှိ ခဲ့သည့် ကျောင်းသား ကျောင်းသူ များက ပြိုင်ပွဲဝင်ပုံစံဖြင့် ပြန်လည်သရုပ်ပြယှဉ်ပြိုင်မှုများ ကိုလည်းကောင်း၊ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန က ဦးဆောင်၍ အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူ များနှင့်အတူ စာရေးဆရာ မစန္ဒာ ၏ "အရိပ်" စာအုပ်ဖြင့် အမြဲမပြတ် လေ့လာသင်ယူရေး စာဖတ်ဝိုင်း ကျင်းပပြုလုပ်မှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး က ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များ ကိုလည်းကောင်း၊ ကျပန်းစကား ပြောပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများ၊ သရုပ်ပြအကအဖွဲ့ များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး နှင့် တာဝန်ရှိသူများက လူငယ်များ အတွက် ကျင်းပပေးခဲ့သောကာယ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ဆု ရရှိခဲ့ကြသူများနှင့် စာဖတ်ဝိုင်း တွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ် ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ယုဇနအလင်းတန်း စာကြည့်တိုက်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပညာဒါနသင်တန်းခန်းမဖွင့်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အမှတ်(၉၄) ရပ်ကွက် အိမ်ရာစီမံခန့်ခွဲရေးကော်မတီ၏ မတည်ရန်ပုံငွေနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့် တည်ဆောက်သည့် ယုဇန အလင်းတန်းစာကြည့်တိုက်နှင့် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပညာ ဒါနသင်တန်းခန်းမဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပ သည်။

အခမ်းအနားကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ရန်ကုန် တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်၊ ဒဂုံမြို့သစ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ အမှတ်(၉၄)ရပ်ကွက် အုပ်ချုပ်ရေးမှူး အိမ်ရာစီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဇင်နှင့် ယုဇနအလင်းတန်းစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးမောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယုဇန အလင်းတန်းစာကြည့်တိုက်အား ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက် များကြီးကြပ်မှုကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးဌေးအောင်က စက်ခလုတ်နှိပ်ဖွင့်လှစ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ယုဇနအလင်းတန်း စာကြည့်တိုက်သို့ သုတ/ ရသစာအုပ်များနှင့် အလှူငွေများ လှူဒါန်းကြသော အလှူရှင်များ အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ပြန်/ဆက်)**



# အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဆိုတော်နေ့အကြို စာဖတ်ဝိုင်းပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၂၉**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) မြို့နယ် စာပေဥယျာဉ် (Book Club )အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ လာမည့်နတ်တော်လ စာဆိုတော်နေ့အကြို စာဖတ်ဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)လူထုအခြေပြုဗဟိုဌာန အစည်းအဝေး ခန်းမ၌ ပြုလုပ်သည်။

ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲကို တက်ရောက်လာကြသည့် အသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးသတင်းစာဆရာအသင်း ဒုတိယ ဥက္ကဋ္ဌ(၂)စာရေးဆရာ၊သတင်းစာဆရာဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က စာရေးဆရာ မောင်ရိုး ရေးသားထုတ်ဝေခဲ့သော " လွမ်းရ တမ်းတပ့ါ ငဖဲမြေ " ကျွန်တော်တို့ရွာ ကျွန်တော်တို့ဓလေ့ စာအုပ်ပါအကြောင်းအရာများ၊ စာရေးဆရာမ ပျိုပျို ယောဂ (သစ်တော) က ယောဂနည်းပညာနှင့် ရောဂါ ကုထုံးများအကြောင်းနှင့် မောင်ပန်းဝေ (ညောင်တုန်း)က ဝန်ထမ်းလောကနှင့် ဘဝသံသရာကဗျာအကြောင်း စိတ်ဝင်စားဖွယ်ဟန်ပန်အပြည့်ဖြင့် ဆွေးနွေးဟောပြောသွားကြပြီး တက်ရောက်လာကြသည့်စာရေးဆရာအသင်းနှင့်စာပေဥယျာဉ်အသင်းဝင် များဖြစ်ကြသော ဆရာ စိန်ညိုမင်း (ထန်းတပင်)၊ ပျိုပျို(ယောဂ)၊ မင်းသီဟ ရာဇာ(လှိုင်သာယာ)နှင့် ခင်မောင်နိုင် (ဝေဒ)တို့က သိလိုသည်များကိုမေးမြန်း ဆွေးနွေးအမြင်ချင်းဖလှယ်ကြကာ အသင်းနာယက ဆရာ ဦးသက်တင် (မောင်သာတင့်-မြန်အောင်)က နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြား၍ ဦးဆောင်ဆွေးနွေးသူများနှင့် ပြောင်းရွှေ့သွားမည့် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းတို့အား တာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့် အနုပညာရှင်သုံးဦးအား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်



မိုက်တီး(ခ)သန်းထွန်းဇော် (ဒါရိုက်တာ)၊ ၆၁ နှစ်


ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ် (ဇာတ်ပို့သရုပ်ဆောင်)၊ ၄၇ နှစ်


အုန်းဒိုင်း(ခ)ဇော်မြင့် (ဟာသသရုပ်ဆောင်)၊ ၃၂ နှစ်

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော်အစိုးရ အနေဖြင့် ပါတီစုံဒီမိုကရေစီ စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ရွေးကောက်ပွဲအပေါ်နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဟန့်တားနိုင်မည့်အခြေအနေမှ ကာကွယ်တားဆီးနိုင်ရန် ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းခဲ့ပြီး ဥပဒေလိုက်နာမှုမရှိသူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် **"ခေတ်သမိုင်းကို ဒုန်းစိုင်းမည့်သူများ"** ရွေးကောက်ပွဲ အသိပညာပေး ဇာတ်လမ်းနှင့် ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သော အနုပညာရှင်များအား လူမှုကွန်ရက်မှတစ်ဆင့် မဟုတ်မမှန် ဝေဖန်ရေးသား၍ ရွေးကောက်ပွဲအပေါ်ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့သည့် **ဒါရိုက်တာ မိုက်တီး(ခ) သန်းထွန်းဇော်၊ ဇာတ်ပို့သရုပ်ဆောင် ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်နှင့် ဟာသသရုပ်ဆောင် အုန်းဒိုင်း(ခ) ဇော်မြင့်** တို့အား ၎င်းတို့၏နေအိမ်အသီးသီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ တပ်မတော်က နိုင်ငံတော်တာဝန်ထမ်းဆောင်နေသည့်အပေါ် ထောက်ခံမှုမရှိခဲ့သည့်အပြင် ဆူပူဆန္ဒပြပွဲများတွင် ကိုယ်တိုင်ပါဝင်ခဲ့ကြောင်း၊ ထို့ပြင် မကြာမီကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် ၎င်းတို့တတ်ကျွမ်းသော အနုပညာကဏ္ဍမှ ပူးပေါင်းပါဝင်ခြင်းမရှိသည့်အပြင် အခြားသော အနုပညာရှင်များ၏ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်မှုအပေါ် ဝေဖန်တိုက်ခိုက်ခြင်း၊ ရွေးကောက်ပွဲအပေါ် ပြည်သူလူထုက ယုံကြည်မှုလျော့နည်းလာစေရန်ရည်ရွယ်၍ ရေးသားဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အဆိုပါတရားခံ သုံးဦးအနက် **ဒါရိုက်တာ မိုက်တီး(ခ)သန်းထွန်းဇော်**သည် ၂၀၂၁ ခုနှစ်တွင် လူမှုကွန်ရက်မီဒီယာမှ တစ်ဆင့် နိုင်ငံတော်အစိုးရအပေါ် ဝေဖန်ရေးသားခဲ့သောကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ် အရေးယူခြင်းခံခဲ့ရပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် နိုင်ငံတော်အစိုးရက စေတနာဖြင့် "နောက်တစ်ကြိမ်ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"ဟူသော စည်းကမ်း သတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုခဲ့သူဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် အရေးယူနိုင်ရေးအပြင် ယခင်လွတ်ငြိမ်းခွင့်ပြုခဲ့သော ပြစ်ဒဏ်အား ပြန်လည်ကျခံစေရေး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် လှုံ့ဆော်ခဲ့ကြသည့် **ကျော်ဝင်းထွဋ်(ခ)ကျော်မင်းထွဋ်** နှင့် **အုန်းဒိုင်း(ခ)ဇော်မြင့်**တို့ နှစ်ဦးအား ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အထွေထွေရွေးကောက်ပွဲအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ်၌ ကောင်းမွန်သောအခွန်စနစ်ဖြစ်လာစေရေး ရှင်းလင်းဆွေးနွေး

**တိုက်ကြီး အောက်တိုဘာ ၂၉**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကောင်းမွန်သော အခွန်စနစ်ဖြစ်လာစေရေး အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပသည်။



**ရှင်းလင်းဆွေးနွေး**

ဆွေးနွေးပွဲတွင် ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်က အခွန်တံဆိပ် ကပ်နှိပ်ရောင်းချရသော ဈေးဆိုင်များအနေဖြင့် အခွန်တံဆိပ်ကပ်နှိပ်ခြင်းဖြင့် အခွန်ဘဏ္ဍာတိုးတက်ရရှိရေးနှင့် အခွန်ထမ်းပြည်သူများအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲ အခွန်ဥပဒေများအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထိုက်ဝင်းက စံပြခရိုင်၊ စံပြမြို့နယ်ဖြစ်သည်နှင့်အညီ အခွန်ထမ်းပြည်သူများ ထမ်းဆောင်သော အခွန်ငွေများဖြင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

ဇလွန် အောက်တိုဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ



အစည်းအဝေးကိုယနေ့နံနက်၁၀နာရီတွင်မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် သဘာပတိ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစောဝင်း၊ မြို့နယ်ကြီးကြပ်တာဝန်ခံ ဧရာဝတီတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အောင်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်စိုးအေးက သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းပြီး ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသားများထံမှ လက်ခံအတည်ပြုချက်ရယူကြရာ တက်ရောက်လာသည့် အသင်းသားများက အတည်ပြုလက်ခံခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ စားသောက်ဆိုင်များ၊ ကာရာအိုကေလုပ်ငန်းဆိုင်များအား သက်ဆိုင်ရာဌာနတာဝန်ရှိသူများက မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်ရေးနှင့် မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားမပေါ်ပေါက်စေရေး မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်း၊ လုပ်ငန်းလိုင်စင်များ ရှိ၊ မရှိ ပူးပေါင်းစစ်ဆေးဆောင်ရွက်စဉ်။

မျိုးသိန်း(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ မြို့မဈေးအတွင်းရှိ ဆိုင်ခန်းများအား မီးဘေးလုံခြုံရေးအတွက် အောက်တိုဘာ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်စိုးမိုးဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်ခြောက်ဦး၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးရဲဇော်ထက်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်ထွန်းနှင့် ဈေးတာဝန်ခံများ ပူးပေါင်း၍ ဆိုင်ခန်းများတွင် တပ်ဆင်ထားရှိသည့် မီးငြိမ်းသတ်ရေးစနစ်များ ကောင်းမွန်မှု ရှိ/မရှိ၊ ဝိုင်ယာကြိုးများကို စနစ်တကျထားရှိမှုရှိ/ မရှိ စစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

အလုံမြို့နယ်အတွင်းရှိဈေးများ မီးလောင်မှု၊ မီးလန့်မှုမဖြစ်ပွားစေရေးအတွက် မီးဘေးလုံခြုံရေး ကြိုတင်ကာကွယ်ထားရှိမှုများကို အောက်တိုဘာ ၂၈ ရက်နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ လျှပ်စစ်ဌာနမှတာဝန်ရှိသူများနှင့်အတူ မြို့နယ် မီးသတ်ဒုတိယဦးစီးမှူး ဦးထက်မျိုးလှိုင်က အလုံဈေး၊ ဆင်မင်းဈေးတို့ကို လိုက်လံစစ်ဆေးပြီး လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြသစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)







PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပျက်စီးခဲ့သည့် ရောဝတီတံတား(ရတနာသိခ်)၏ မှတ်တမ်းဓာတ်ပုံ။

# မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့သို့ ဆက်သွယ်ထားသည့် ရောဝတီတံတား(ရတနာသိခ်)အား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂၉**

PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသတွင်းကုန်စည်စီးဆင်းမှုများ ပျက်ပြားစေရန် ရည်ရွယ်၍ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြရာ ယနေ့တွင် ရွှေဘို-ကျောက်မြောင်း-စဉ့်ကူး-မန္တလေး သွားကားလမ်းပေါ်ရှိ ရောဝတီမြစ်ကူးတံတား တစ်စင်းဖြစ်သည့် ရောဝတီတံတား(ရတနာသိခ်) အား အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားသည် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ကို ဆက်သွယ်ထား၍ ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအရေးပါသည့် တံတားတစ်စင်းဖြစ်ပြီး အဆိုပါတံတားအား အောက်တိုဘာ ၂၉ ရက် နံနက် ၆ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်သည်။ မိုင်းပေါက်ကွဲမှုကြောင့် တံတား၏ ရေလည်တိုင်များဖြစ်သည့် တိုင်အမှတ် RP4 နှင့် RP5 တို့အကြားတွင်လည်းကောင်း၊ RP6-A2 ချဉ်းကပ်လမ်းနေရာတို့တွင်လည်းကောင်း ကျိုးကျပျက်စီးခဲ့သည်။ ထိုသို့အကြမ်းဖက်သမားများ၏ အမြော်အမြင်မဲ့စွာ ဆင်ခြင်မှုမရှိသော ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် ယခုအခါ မော်တော်ယာဉ်များနှင့် ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနိုင်ခြင်း မရှိတော့ဘဲ ကုန်စည်စီးဆင်းမှုများ ရပ်တန့်လျက်ရှိကြောင်း သိရှိရသည်။

ရောဝတီတံတား (ရတနာသိခ်) သည် တံတားအရှည်ပေ ၂၄၈၀၊ (သံကူကွန်ကရစ်တံတား)၊ တံတားအကျယ် ၂၅ ပေ၊ လူသွားလမ်း ဘယ်/ညာ ၃ ပေရှိပြီး တံတား ဆောက်လုပ်ရေးအထူးအဖွဲ့-၁၄ မှ ၂၀၁၀ ပြည့်နှစ် ဧပြီ ၁၆ ရက်တွင် စီမံကိန်း စတင်ကာ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဆောက်လုပ်ပြီးစီး၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ယခုအခါ PDF အမည်ခံအကြမ်းဖက်သမားများနှင့်ပူးပေါင်းအဖွဲ့များက ဒေသတွင်းကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ လူ့အခွင့်အရေးများ များစွာဆုံးရှုံးအောင် လုပ်ဆောင်နေကြသည့်အပေါ် ဒေသခံပြည်သူများက သိရှိနားလည် သဘောပေါက်လာကြပြီဖြစ်ပြီး ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ရောဝတီတံတား(ရတနာသိခ်)အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုအပေါ် ရွံရှာမုန်းတီးစွာကန့်ကွက် ရှုတ်ချလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အဆိုပါတံတားအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၆၆ ဦး ထပ်မံစစ်ဆေးနိုင်ခဲ့



**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-မဲ့ထော်သလေး(KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်း လိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၇၅ ဦး၊ အိန္ဒိယနိုင်ငံသား ၇၃ ဦး၊ တရုတ်နိုင်ငံသား ၁၇ ဦးနှင့် ကာဇက်စတန်နိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၁၆၆ ဦးကို ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၆၄၀ ထိန်းသိမ်းနိုင်ခဲ့ကာ ၁၀၄၅၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၃၆၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီ ဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပန်းတနော်မြို့နယ်၌ သမဝါယမအသင်း၏ GW-11 မိုးစပါး ရိတ်သိမ်း



**ပန်းတနော် အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ခရေကန်ကျေးရွာရှိ မြင့်မိုရ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ၏ GW-11 မိုးစပါးရိတ်သိမ်းနေမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင်နှင့်အဖွဲ့ဝင်များက ယနေ့တွင် ကွင်းဆင်းကြည့်ရှုအားပေးသည်။

အဆိုပါသမဝါယမအသင်း၏ အသင်းသားများမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေရယူ၍ စိုက်ပျိုးသည့် အသင်းသား ဦးသိန်းသန်းလွင်၏ စိုက်ဧက ၁၀ ဧကတွင် GW-11 မိုးစပါးရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှ ၁၀၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် သန္နေတပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၈ ရက်က မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးပြီး မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ က
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်   အောက်တိုဘာ   ၂၉

**ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီအတွင်းရေးမှူး ဦးခေါတိန့်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူလူထု မဲဆန္ဒရှင်များအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီအတွင်းရေးမှူး ဦးခေါတိန့် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော်တို့ ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီသည် ကချင်ပြည်နယ် အတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသားပြည်သူလူထုကို အခြေခံဖွဲ့စည်းထားသော ကချင်ပြည်နယ်အကျိုးပြုပါတီဖြစ်ပါသည် ခင်ဗျာ။

"ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့<br>ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးစို့"<br>"လူသားအားလုံးရှင်သန်ဖို့ NDP(K) နှင့်ပူးပေါင်းစို့"

**ပါတီ၏ ရည်မှန်းချက်**

(က) ပြည်သူလူထုနှင့်လက်တွဲကာ စစ်မှန်သော ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်မည်။

(ခ) လက်နက်ကိုင်ပဋိပက္ခလုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်း တစ်ရပ် ထာဝစဉ်တည်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) တိုင်းရင်းသား ပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝတစ်ပြေးညီ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်း ဆောင်ရွက်မည်။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စု နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက် မည်။

ယုံကြည်ချက်

(က) ပါတီသည် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည် ခံယူသည်။ ကချင်ပြည်နယ် နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် ဒို့တာဝန်အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ခံယူပါသည်။

အခြေခံမူဝါဒ

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား လူမျိုးပေါင်းစုံ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေးမူဝါဒကို ခိုင်မြဲစွာ လက်ကိုင်ကျင့်သုံးသွားမည်။

(၂) ပြည်သူလူထုနှင့် လက်တွဲကာ ငြိမ်းချမ်းရေးကို ထာဝစဉ် တည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်ကို အခြေခံ၍ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်။

(၃) နိုင်ငံတော်၏အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ် လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင်တွန်းလှန်သွားမည်။

(၄) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့် ပါတီ၏ သြဇာခံမှုမဖြစ်ရ၊ လွတ်လပ်စွာကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင် သော နိုင်ငံရေးပါတီဖြစ်ပါသည်။

**ပါတီ၏ ဆောင်ပုဒ်မှာ**

၁။ "ငြိမ်းချမ်းရေး"Peace၊

၂။ "တန်းတူညီမျှရေး"Equality၊

၃။ "စည်းလုံးညီညွတ်ရေး"Unity၊

၄။ "ဖွံ့ဖြိုးတိုးတက်ရေး"Development ဖြစ်ပါသည်ခင်ဗျာ။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်နေ့ ပါတီစုံအထွေထွေရွေးကောက်ပွဲ တွင် ဒီမိုကရေစီပါတီသစ်(ကချင်) New Democracy Party(Kachin) NDP(K) မိမိတို့ပါတီသည် နိုင်ငံရေးပါတီများနှင့်အတူ ကချင်ပြည်နယ် တွင် ကိုယ်စားလှယ်လောင်းများက လွှတ်တော်(၃)ရပ်တွင် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ အနိုင်ရလွှတ်တော်ကိုယ်စားလှယ် များက ပြည်ထောင်စုမြန်မာနိုင်ငံတော် ရည်မှန်းချက်ပန်းတိုင်သို့ အားကြိုးမာန်တက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီသည် ကချင်ပြည်နယ် အခြေစိုက်ပါတီဖြစ်ပါ၍ ကချင်ပြည်နယ် ဒေသတိုင်းရင်းသားတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူငယ်၊ အမျိုးသမီး၊ နိုင်ငံ့ဝန်ထမ်းများနှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု စာပေတို့တွင် အစွမ်းကုန် ပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက် ကတိသစ္စာပြုပါ သည်။

"လူသားအားလုံးရှင်သန်ဖို့<br>NDP(K) နှင့် ပူးပေါင်းစို့"<br>"ကချင်ပြည်နယ် ဖွံ့ဖြိုး တိုးတက်ဖို့ ဒီမိုကရေစီပါတီသစ် (ကချင်)ပါတီကို မဲပေးစို့"

မဲဆန္ဒရှင် ပြည်သူလူထု၊ တိုင်းရင်းသားများအားလုံး၏ တန်ဖိုးရှိလှစွာသော ဆန္ဒမဲများကို ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီကို မဲပေးကြဖို့ မေတ္တာဖြင့် တောင်းခံ အပ်ပါသည်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါသည်။

**ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ၏ သီချင်းစာသား**

**(၁) သီချင်းခေါင်းစဉ် အမည် = ဒီမိုကရေစီပါတီသစ်(ကချင်)**

V1: ဒါဒို့ပြည် ဒါဒို့မြေ ဒို့ပြည် ဒို့မြေ ဒို့ပါတီ ဒီမိုကရေစီပါတီသစ် (ကချင်) ထွန်းလင်းတောက်ပနေပြီနော်

CHO; ပြည်သူများရဲ့ ရင်မှာဖွား ပြည်သူအများက ပိုင်ဆိုင်ထား ထိန်းသိမ်းကြမယ် ဒို့ရိုးရာ ဆောင်ရွက်ကြမယ် ဒို့ဌာနေ ဖွံ့ဖြိုးစေရမည် မိဘပြည်သူမောင်မယ်များ စည်းလုံးခြင်းသည် အင်အား ဟေးဟေး NDP ကချင်ပါတီ NDP ကချင်ပါတီ NDP ကချင်ပါတီ ထွန်းလင်း တောက်ပနေပြီနော်

**(၂) သီချင်းခေါင်းစဉ် အမည် = ပြည်သူချစ်သည့်ပါတီ**

V1: စစ်မှန်သောပါတီ ပေါ်ထွက်လာပြီ ပြည်သူတွေ ဝမ်းမြောက် ကြသည်

ဒီမိုကရေစီပါတီသစ် ရှေ့ကိုချီ ဒေသအကျိုးသယ်ပိုးသွားမည်

V2; ထာဝရငြိမ်းချမ်းရေး ရှေးရှုပါသည် သာယာဝပြောတိုးတက်ဖို့ ရည် ဘာသာယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံ လေးစားကာ ထိန်းသိမ်းသွား မည်

Cho; NDP NDP ပြည်သူတွေ အားကိုးထိုက်ပါသည် NDP NDP ပါတီ ဒေသအကျိုးဦးထိပ်ထားပါမည် အပြောနဲ့အလုပ် လက်တွေ့ပြမည် ဒီမိုကရေစီပါတီသစ်(ကချင်)

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**နေပြည်တော် အောက်တိုဘာ ၂၉**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် လေဖိအားနည်း ရပ်ဝန်း (၃)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ် တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလား ပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်း ငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင် နှင့် ကျန်ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်း တိုင်းဒေသကြီးအထက်ပိုင်း၊ ကချင် ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ ပိုင်း)တို့တွင် ၈ ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊မကွေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၃ ရက် မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင် ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက် ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှ အပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက် ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသ ကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ရက်မှ ၁၀ ရက် ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင် သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူ မြို့တို့တွင် သုံးပေမှ ခြောက်ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ခုနစ်ပေခွဲမှ ၁၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာ နိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် လေးပေမှ ကိုးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာ နိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် လေးပေခန့်၊ ဒုဌဝတီမြစ်ရေသည် သီပေါ မြို့တွင် တစ်ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ် မြို့တို့တွင် လေးပေခွဲမှ ခြောက်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် လေးပေမှ ငါးပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူ မြို့နှင့် ပဲခူးမြို့တို့တွင် နှစ်ပေမှ လေးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်လေးပေ ခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်း မြို့တွင် ကိုးပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် သုံးပေခန့် နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် နှစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

**မိုး/ဇလ**

# ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်  အောက်တိုဘာ ၂၉

**ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ယုဇနဝါ က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ မူဝါဒ၊ သဘောထားနှင့် လုပ်ငန်းစဉ်များကို ဟောပြောထုတ်လွှင့်ခွင့်ပြုပေးသော နိုင်ငံတော်နှင့်သက်ဆိုင်ရာ တာဝန်ရှိသူများကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာပြည်တစ်ဝန်းလုံး၌ မှီတင်းနေထိုင်ကြသော ရဟန်းရှင်လူ တိုင်းရင်းသားပြည်သူအားလုံးတို့ကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေရန်နှင့် ကပ်ဘေးအပေါင်းမှ ကင်းဝေးကြပါစေဟု ဦးစွာ နှုတ်ခွန်းဆက်သ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ကျွန်ုပ်တို့နေထိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် ရှေးအစဉ်အဆက်က ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့၏ ကျူးကျော်အုပ်စိုးလွှမ်းမိုးမှုကြောင့် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်းများကို နိုင်ငံသူနိုင်ငံသားများ လက်လွတ်ဆုံးရှုံးခဲ့ကြရသည်။ ထိုစဉ်က တိုင်းရင်းသားအားလုံးတို့သည် စည်းလုံးညီညွတ်စွာဖြင့် နယ်ချဲ့ဆန့်ကျင်ရေးအတွက် အသက်ပေါင်းများစွာ စတေးခဲ့ကြရပြီး အေဒီ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ(၄)ရက်နေ့ ရောက်ရှိမှသာ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကြီးဖြစ်လာကာ ကမ္ဘာ့အလယ်တွင် မားမားမတ်မတ် ရပ်တည်နိုင်ခဲ့ကြသည်။

လောကကမ္ဘာ၌ လူအချင်းချင်း ကိုယ်ချင်းစာတရားကိုအခြေခံပြီး ဘက်လိုက်ခြင်း၊ ညှဉ်းဆဲခြင်း၊ အနိုင်ကျင့်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ ကျူးကျော်ရန်စခြင်း၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းမရှိပါက ပဋိပက္ခဟူသည့် တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ တစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်းဖြစ်ပေါ်လာရန် အကြောင်းမရှိပေ။ ပဋိပက္ခများကြောင့်သာ လောကလူသားများ လူမှုအခွင့်အရေးဆိုင်ရာ ခံစားခွင့်များ လက်လွတ်ဆုံးရှုံးခဲ့ကြရပေသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် လူသားများနှင့်ဆိုင်သော လူမှုအခွင့်အရေးများကို အလေးထားမည်။ မထိမဲ့မြင်မပြုရ၊ လူသားတို့၏ အကျင့်သိက္ခာကို တန်ဖိုးထားလေးစားလိုက်နာမည်။ ရက်စက်ကြမ်းကြုတ်ခြင်းမပြု၊ ငြိမ်းချမ်းသောနည်းလမ်းဖြင့် အဖြေရှာမည်။ လွတ်လပ်စွာပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ အသက်မွေးမြူခွင့်ရှိရမည်။ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ ချို့ငဲ့ခြင်းကင်းရမည်။ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော စစ်မှန်သော ငြိမ်းချမ်းရေး ပေါ်ပေါက်လာစေရန် ကောင်းမွန်သောစိတ်ဆန္ဒဖြင့် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်သွားမည်ဟု တရားမျှတသော ယှဉ်ပြိုင်မှုဖြစ်ကြောင်း မဲဆန္ဒရှင်ပြည်နယ်သူ ပြည်နယ်သားများအား အသိပေးကြွေးကြော်ကြေညာပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် တိုင်းရင်းသားလူမျိုးများ အချင်းချင်းညီညွတ်ရေးနှင့် ပြည်ထောင်စုကြီး ညီညွတ်ရေးသဘောတရားတို့ကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်ကြီး၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ဖြစ်ထွန်းတည်တံ့စေရန်အလို့ငှာ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် ၂၀၂၅ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အစအလယ်အဆုံး(၃)ပါးလုံး၌ တရားမျှတလွတ်လပ်သော ရွေးကောက်ပွဲဖြစ်ရန် ကျွန်ုပ်တို့နှင့်အတူ ပူးပေါင်းပါဝင်စေလိုပါသည်။ နိုင်ငံသားတိုင်း၏အခွင့်အရေးကို အာမခံနိုင်ရန် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် အသီးသီးတို့တွင် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ ကိုယ်စားပြုခွင့်ကို မဲဆန္ဒရှင်ပြည်သူပြည်သားများအား အသိပေးခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည်

(က) ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးမူဝါဒ

(ခ) အချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးမူဝါဒနှင့်

(ဂ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ စသည်တို့ဖြင့် ဦးတည်ချက်ချမှတ်တည်ထောင်ထားသော ပါတီကြီးဖြစ်သည်။ ဤမျှသည်မကဘဲ အကြမ်းမဖက်သော၊ အကြမ်းဖက်အုပ်ချုပ်မှုမရှိသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးဆောက်တည်သည့် ပါတီကြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ပါတီသည် မညှဉ်းဆဲခြင်း(အဟိံသ)၊ အမှန်ကိုသာ ပြောဆိုခြင်း(အသစ္စဘာသန)၊ မခိုးဝှက်ခြင်း(အထေယျ)၊ မြတ်သောအကျင့်ကျင့်ခြင်း(ဗြဟ္မစရိယ)၊ မိမိအတွက် မသိမ်းပိုက်ခြင်း(အပရိဂ္ဂဟ) တည်းဟူသော လူသားတို့၏ ကျင့်ဝတ်(၅)ဖြာကိုလည်း လေးစားလိုက်နာသောပါတီကြီးဖြစ်သည်။ ကိုယ်ကျင့်သိက္ခာကို အဓိကထားပြီး မြင့်မြတ်တန်ဖိုးရှိသော လူမှုဘဝတည်ထောင်ရေးအတွက် လမ်းညွှန်ပြသောပါတီကြီးဖြစ်သည်။ နိုင်ငံအတွက်၊ လူမျိုးအတွက်၊ အများပြည်သူအတွက် အနစ်နာခံနိုင်သူများအဖြစ် စုပေါင်း၍ ကြိုးစားအားထုတ် ဆောင်ရွက်မည့်ပါတီဖြစ်ပါသည်။

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ၏ အခြေခံမူဝါဒများမှာ အောက်တွင် ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

(၁) ကရင်အမျိုးသားတို့၏ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ရိုးရာဓလေ့နှင့် ထုံးတမ်း အစဉ်အလာတို့ကို ထိန်းသိမ်းစောင့်ရှောက်မည်။

(၂) လွတ်လပ်မှုနှင့်သက်ဆိုင်သော အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် အမျိုးသားအခွင့်အရေးများကို ကရင်အမျိုးသားအသိုင်းအဝိုင်းအတွင်း၌သာမကဘဲ မိမိနှင့်သက်ဆိုင်သော လူ့ဘောင်အသိုင်းအဝိုင်းတစ်ရပ်လုံး ရရှိခံစားနိုင်အောင် သက်ဝင်လှုပ်ရှား ကြိုးပမ်းဆောင်ရွက်မည်။

(၃) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး တည်ထောင်ရာတွင် တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုရှိရေး၊ သာတူညီမျှမှုရှိရေး၊ မှန်ကန်မှုနှင့် တရားမျှတမှုရှိရေး၊ ငြိမ်းချမ်းမှု ရရှိရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်မည်။

(၄) ကရင်တစ်မျိုးသားလုံးနှင့် တိုင်းရင်းသားအားလုံးအတွက် လွတ်လပ်ပြီး ငြိမ်းချမ်းသာယာဝပြောသောဘဝကို ဖန်တီးနိုင်ရန် ကြီးနိုင်ငယ်ညှဉ်းမူဝါဒကို ဆန့်ကျင်ကန့်ကွက် တိုက်ဖျက်မည်။

(၅) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားနှင့် လူမှုဘဝသာယာဝပြောရေးအတွက် မည်သူ့ကိုမျှ မထိခိုက်စေဘဲ တရားဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်မည်။

(၆) ကရင်တစ်မျိုးသားလုံး၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် မူဝါဒများ၊ ပြုမူဆောင်ရွက်ချက်များကို တရားဥပဒေနှင့်အညီ အစွမ်းကုန် ခုခံကာကွယ်ဆောင်ရွက်မည်။

(၇) ကရင်တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရာများ စသည်တို့ကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်ဆောင်ရွက်မည်။

ယနေ့ခေတ်ကာလ၌ လူသားအဖွဲ့အစည်းအသီးသီးတွင် ကိုယ်ပိုင်အမြင်ရှိကြသည်။ ကိုယ်ပိုင်ခံယူချက်လည်း ရှိကြသည်။ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံယူချက်ဖြင့် အရာခပ်သိမ်းကို ရှုမြင်သုံးသပ်တတ်ကြပေသည်။ ထိုသို့ ရှုမြင်သုံးသပ်ခြင်းသည် မွေးရာပါ လူ့အခွင့်အရေးပင်ဖြစ်သည်။

ယနေ့ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့လူမှုအဖွဲ့အစည်းတိုင်းကို ကြည့်မည်ဆိုပါက အသိပညာခေါင်းပါးမှု၊ လောဘ, ဒေါသကြီးမားမှု၊ သဘာဝဘေး၊ ရောဂါထူပြောမှုများကြောင့် ကမ္ဘာ့လူသားများ ပင်ပန်းခက်ခဲစွာ လုပ်ကိုင်စားသောက်နေထိုင်ကြရပေသည်။ ထိုသို့ဖြစ်ရသည်မှာ မမှန်ကန်သော နိုင်ငံရေးဝါဒ၊ မမှန်ကန်သော ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ဖြစ်ရသည်ဆိုပါက ငြင်းဆန်ရန်ခက်ခဲပေလိမ့်မည်။ ထို့ကြောင့်လည်း လူမှုအဖွဲ့အစည်းများ၌ ပဋိပက္ခနှင့်ပြဿနာများ ထူပြောလာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် လူမှုအဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲလာကာ ကျူးကျော်မှု၊ ရန်ပြုမှုများကြောင့် လူမှုရေးအဆောက်အအုံကြီးတစ်ခုလုံးအတွက် စိုးရိမ်ကြောင့်ကြစရာကြီးဖြစ်လာပါသည်။

ထိုသို့မဖြစ်ရလေအောင် ကျွန်ုပ်တို့ပါတီကြီးက ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့်အတူ ကရင်အမျိုးသားတို့၏ တန်းတူညီမျှရေး၊ တရားမျှတရေး၊ လွတ်လပ်ရေး၊ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည်တို့ကို အခြေခံပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက် ကြီးစွာထားရှိသော ပါတီကြီးဖြစ်ပါသည်။

(၁) လူသားတို့၏ အခွင့်ရေး(သက်ရှိမှန်သမျှ) ကို လေးစားမည်။

(၂) အကြမ်းမဖက်ခြင်းတရား(အဟိံသ)၊ မှန်ကန်မှုတရား(truth)၊ တရားမျှတခြင်း(Justice)တို့ကို လေးစားလိုက်နာမည်။

(၃) တရားမျှတသော မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ခြင်းမူနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးမူများကို လိုက်နာမည်။

(၄) မတရားမှုဟူသမျှကို ပြည်သူနှင့်အတူ ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဆန့်ကျင်တိုက်ဖျက်မည်။

(၅) မြန်မာအမျိုးသားများ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သော ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်မပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းကို အားပေးကူညီမည်။

(၆) လူသားတိုင်း စိုးရိမ်ကြောက်ရွံ့ခြင်းမှ ကင်းဝေးအောင် မှန်ကန်မှု၊ အကြမ်းမဖက်မှု၊ တရားမျှတမှုများ ထွန်းကားလာအောင် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်။

(၇) မိမိတိုင်းပြည်အပေါ် မတရားကိုင်တွယ်ခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ခြယ်လှယ်ခြင်း၊ အခွင့်အာဏာသုံးခြင်း၊ ဖိနှိပ်ခြင်းများပြုလာသူဟူသမျှ ကင်းဝေးစေရန် ပြည်သူများနှင့်အတူ အကြမ်းမဖက်သော နည်းလမ်းဖြင့် အောင်မြင်မှုရသည်တိုင်အောင် ပူးပေါင်းဆောင်ရွက်မည်။

(၈) ကြီးနိုင်ငယ်ညှဉ်းမပြုခြင်းကို လိုက်နာပြီး လူသားမဆန်သော ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု၊ လူမှုပစ်ပယ်မှုများကို ရှောင်ရှားမည်။

(၉) အရာခပ်သိမ်းကို လေးစားမှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုဖြင့်ဆက်ဆံမည်။

(၁၀) မိမိတို့၏အတွင်းစိတ်ရောင့်ရဲမှုကို ကြံ့ခိုင်အောင်တည်ဆောက်ပြီး ဆင်ခြင်ခြင်း၊ သုံးသပ်ခြင်း၊ စူးစမ်းခြင်း၊ တွေးခေါ်ခြင်း၊ စွန့်စားခြင်းများကို (အသိ၊ ပညာ၊ သတ္တိ) သုံးမျိုးကို အသုံးချ၍ လူမှုဆင်းရဲခြင်းမှ ကင်းဝေးအောင် ဆောင်ရွက်မည်။

(၁၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားများနှင့်အတူ ငြိမ်းချမ်းသာယာဝပြောရေး၊ စည်းလုံးညီညွတ်ရေး၊ တန်းတူညီမျှရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေး တည်တံ့ခိုင်မြဲအောင် အားထုတ်ဖော်ဆောင်မည်။

(၁၂) အမျိုးသားအကျိုးစီးပွားကိုလည်းကောင်း၊ လူမျိုးကိုလည်းကောင်း ဖျက်ဆီးတိုက်ဖျက်ဝါးမျိုမည့် နိုင်ငံရေးမူဝါဒ၊ အန္တရာယ်ပေးမည့် အယူအဆနှင့် မှားယွင်းသော လုပ်ရပ်များကို ဥပဒေနှင့်အညီ ခုခံကာကွယ်ဆောင်ရွက်မည်။

(၁၃) တစ်မျိုးသားလုံး၏ နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေးရာများကို ခေတ်နှင့်အညီ တိုးတက်ဖွံ့ဖြိုးလာအောင် အားထုတ်မည်။

(၁၄) ကိုယ်ကျိုးကို ရှေ့တန်းမတင်ဘဲ အများအကျိုးကို ဦးစားပေးကာ အမုန်းမစွက် အကြမ်းမဖက် ဘက်လိုက်မှုကင်းသော နိုင်ငံရေးမူဝါဒကို လက်ကိုင်ထားလျက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုနိုင်ငံတော်ကြီးကို တိုင်းရင်းသားညီနောင်များနှင့် အတူတကွ ပူးပေါင်းတည်ဆောက်မည်ဟူသော နိုင်ငံရေးမူဝါဒများထားရှိလျက် သဘောထားကြီးစွာဖြင့် ကြိုးစားအားထုတ်ဆောင်ရွက်ပါမည်ဟု မိမိတို့၏ ပါတီသဘောထားအား ပန်ကြားအသိပေးအပ်ပါသည်။

ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ရည်ရွယ်ချက်သဘောထားများကို အခြေခံပြီး အောက်ပါလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(၁) ကရင်လူမျိုးတို့၏ အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ပေါ်ပေါက်လာမည့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းဖော်ဆောင်မည်။

(၂) ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများသာမက အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ဖော်ဆောင်မည်။

(၃) ကရင်အမျိုးသားတို့၏ အရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်။

(၄) ကရင်ပြည်နယ်အတွင်းရှိ ကရင်အမျိုးသားများနှင့် အနယ်နယ်အရပ်ရပ်ရှိ ကရင်အမျိုးသားများအားလုံး အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ကရင်အမျိုးသားတို့၏ အကျိုးစီးပွားအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်းရှာဖွေမည်။

(၅) ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးနှင့် လူမှုရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ကူညီစောင့်ရှောက်မည်။

(၆) အမုန်းမစွက်၊ အကြမ်းမဖက်သော နိုင်ငံရေးမူဝါဒကို လက်ခံထားပြီး တစ်မျိုးသားလုံး စည်းလုံးညီညွတ်ရေးအတွက် ရည်ရွယ်ကာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်မည်။

(၇) စစ်မှန်သောထာဝရငြိမ်းချမ်းရေး ဖြစ်ပေါ်လာစေရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်မည်ဟု လုပ်ငန်းစဉ်များ ချမှတ်ထားပါသည်။

**မေတ္တာအာသီသ**

ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်ရှိ ပြည်နယ်သူ ပြည်နယ်သားများနှင့်အတူ ဖြစ်တည်ပေါ်ပေါက်လာသော ပါတီကြီးတစ်ခုဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်သူပြည်နယ်သားတို့၏ လူမှုအကျိုးစီးပွားကိစ္စရပ်များသာမက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုပါ ပြည်နယ်သူပြည်နယ်သားများနှင့်အတူ ဒုက္ခသုခများကို အတူတကွမျှဝေခံစား တွေ့ကြုံသိမြင်နေရသော ပါတီဖြစ်သည်။ သို့ဖြစ်၍ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်း၊ ပဋိပက္ခအခြေအနေများကို ကျော်လွှားနိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်နယ်သူပြည်နယ်သားတို့၏ ငြိမ်းချမ်းသောစိတ်ဆန္ဒဖြင့် အားပေးထောက်ခံမှုများကို ကျွန်ုပ်တို့ ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီမှ အထူးလိုလားလျက်ရှိပါသည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ်တစ်ခုလုံး၏ လွှတ်တော်(၃)ရပ်လုံး၌ ကျွန်ုပ်တို့၏ ပါတီသည် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ရာ(သို့မဟုတ်)ဖြစ်သောကြောင့် မဲဆန္ဒရှင်များအနေဖြင့် မိမိတို့၏တန်ဖိုးထားသော ဆန္ဒမဲများကို ရွေးကောက်ပွဲတွင် အတူတကွပူးပေါင်းပါဝင်ပေးနိုင်ကြပါရန် မေတ္တာအာသီသဖြင့် ဆန္ဒပြုအသိပေးအပ်ပါသည်။

လောက၌ မည်သည့်အကျိုးအာနိသင်များ၌မဆို လွတ်လပ်စွာခံစားခွင့်၊ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ဟူသော အခွင့်အရေးအတွက် မည်သည့်ဥပဒေမျှဖြင့် မဆန့်ကျင်ဘဲ (က)လွတ်လပ်ခြင်း၊ (ခ)ညီညွတ်ခြင်း၊ (ဂ)တရားမျှတခြင်းဟူသော အမျိုးသားရေးအနှစ်သာရ(၃)ပါးကို နှလုံးသွင်းလျက် လောကပါလတရား ပြည့်စုံထွန်းကားစေရန် အကျွန်ုပ်တို့ ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီက တာဝန်ယူဆောင်ရွက်ပေးပါမည်ဟု အလေးအနက်ကတိပြုပါသည်။ ရဟန်းရှင်လူ ပြည်သူပြည်သားအပေါင်း ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ကပ်ဘေးအပေါင်းမှ ကင်းစင်လွတ်မြောက်နိုင်ကြပါစေဟု ဆုတောင်းပေးလျက် နိဂုံးချုပ်အပ်ပါသတည်း။

အှ်ဆံင်းလာဆာ်။
အိဉ်ဆူဉ်လၢကီ။

❂ ပညာရေးမှ

အကြိုဗိုလ်လုပွဲသို့ ပညာရေးဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြ၊ အုပ်ချုပ်သူများနှင့် ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ၊ မိသားစုများ လာရောက်ကြည့်ရှုအားပေးကြသည်။





အဆိုပါ ရန်ကုန်ဇုန်(က)အသင်းနှင့် ရန်ကုန်ဇုန်(ခ) အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ရန်ကုန်ဇုန်(က)အသင်းက တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် အုပ်စု(က)မှ အုပ်စုဒုတိယဖြစ်သည့် မန္တလေးဇုန်(ခ) အသင်းနှင့် အုပ်စု(ခ)မှ အုပ်စုပထမဖြစ်သည့် မန္တလေးဇုန် (က) အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ပြီး အနိုင်ရရှိသည့်အသင်းက ဗိုလ်လုပွဲသို့ တက်ရောက်မည်ဖြစ်သည်။

ဗဟိုအဆင့်အမျိုးသားဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ နေပြည်တော်တွင် အားကစားသမားများ၊ အုပ်ချုပ်သူ၊ နည်းပြစုစုပေါင်း ၁၂၅ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ယခု ပြိုင်ပွဲများမှတစ်ဆင့် ထူးချွန်ထက်မြက်သော အားကစားသမားများကို ပညာရေးဝန်ကြီးဌာန လက်ရွေးစင်အဖြစ် ရွေးချယ်ပြီး အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲတို့တွင် ဆက်လက်ယှဉ်ပြိုင်နိုင်ရေးရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပညာရေး ဒီဂရီကောလိပ်များသည် လေးနှစ်သင် သင်တန်းဖြစ်သည့်အတွက် ကျောင်းသားကျောင်းသူများအား အားကစားထူးချွန်စေရန် စနစ်တကျလေ့ကျင့်ပျိုးထောင်သည့် အခွင့်အလမ်းရှိပြီး ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများမှတစ်ဆင့် နိုင်ငံတော်အတွက် အားထားရသော မျိုးဆက်သစ်အားကစားသမားများကို လေ့ကျင့်ပြုစုပျိုးထောင်၍ မွေးထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❖ ကျောဖုံးမှ

ထို့အတူ ရွှေညောင်-တောင်ကြီးရထားလမ်းပိုင်းအတွင်း ရာဂီစူပါတိုင်ဖွန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အေးသာယာ-ပေါမူ-ထီသိမ်ဘူတာအကြား ရထားလမ်းပိုင်းပြုပြင်ခြင်း၊ လမ်းအူကြောင်း အသစ်တည်ဆောက်ခြင်း၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ထီသိမ်ရထားလမ်းအဝိုင်းပတ် တာပေါင်ပြုပြင်ခြင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၇ ရက်အထိ ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၂၈ ရက်တွင် ဝန်ချိန်ပြည့် ရထားစမ်းသပ်မောင်းနှင်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့မှုကြောင့် တောင်ကြီးမြို့၏ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကျင်းပမည့် ကာလအတွင်း ပြည်တွင်း၊ ပြည်ပမှ ခရီးသွားပြည်သူများအနေဖြင့် တောင်ကြီးမြို့၏ သာယာလှပသော ရှုခင်းများကို စိတ်ချမ်းမြေ့စွာ ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး-ပေါမူ၊ ပေါမူ-တောင်ကြီး Sight Seeing ရထားခရီးစဉ်ကို အထူးကိစ္စတစ်ရပ်အနေဖြင့် နိုဝင်ဘာ ၁ ရက်မှ ၄ ရက်အထိ ပြေးဆွဲပေးသွားမည်ဖြစ်ပြီး တောင်ကြီး-ပေါမူခရီးစဉ်ကိုလည်း ယခင်အတိုင်း အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ပုံမှန်ပြေးဆွဲပေးမည်ဖြစ်သည်။

တောင်ကြီး-ပေါမူ ခရီးစဉ်သည် ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် တစ်နာရီခွဲခန့် ကြာမြင့်မည်ဖြစ်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာကာ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ မိနစ် ၃၀ ရပ်တန့်သွားမည်ဖြစ်ကြောင်း၊ ပေါမူဘူတာသို့ ရောက်ရှိချိန်တွင် ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါရထားသည် ပေါမူဘူတာမှ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ပြန်လည်ထွက်ခွာပြီး တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကာ ပြေးဆွဲမည့်ရထားတွဲဆိုင်းကို မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း တစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲနှင့် ရထားထိန်းတွဲ တစ်တွဲဖြင့် ပြေးဆွဲမည်ဖြစ်သည်။ တောင်ကြီး-ပေါမူ အသွား/ အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားအနေဖြင့် အထက်တန်းတွဲအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

တောင်ကြီး-ပေါမူ ခရီးစဉ် လိုက်ပါစီးနင်းမည့် ခရီးသွားပြည်သူများသည် တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယ ဘဝသံသရာတံတားအားဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမြှော်ခံစားနိုင်ခြင်း၊ ထီသိမ်ဘူတာသို့ ရထားဆိုက်ရောက် ရပ်နားချိန် မိနစ် ၃၀ အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှ ထီသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားအား အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညိုဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့် ကွင်းပြင်ကျယ်ကြီးများစသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ဖြင့် စိတ်လက်အေးချမ်းပျော်ရွှင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သံဖြူဇရပ်မြို့နယ်ရှိ မြန်မာ့စိန်လင်းသစ်ခွဲသားစက်ရုံ မီးဘေးလုံခြုံရေးစစ်ဆေး

**သံဖြူဇရပ် အောက်တိုဘာ ၂၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိစက်ရုံအလုပ်ရုံများ မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက မော်လမြိုင်-ရေး ကားလမ်းပေါ်ရှိ ဝဲကလိကျေးရွာ မြန်မာ့စိန်လင်း သစ်ခွဲသားစက်ရုံအား သွားရောက်စစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးမြင့်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများက စက်ရုံအတွင်းရှိ ဘွိုင်လာများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှု၊ ရေသိုလှောင်ထားရှိမှု၊ စက်ယန္တရားများ တပ်ဆင်ထားရှိမှုနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျထားရှိရေးတို့ကို လိုက်လံစစ်ဆေး လိုအပ်သည်များကို အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

## ထန်းတပင်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန် တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခွန်ထမ်းပြည်သူများအား ပြေစာအမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ထန်းတပင်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ပြုလုပ်သည်။



အဆိုပါ ဆွေးနွေးပွဲအခမ်းအနားတွင် ထန်းတပင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ယဉ်မိမိချိုက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများအား အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## လွိုင်လင်မြို့နယ် ခဲလောင်း-ပန်ကျောင်း ကျောက်လမ်းခင်းခြင်း ၈၀ ရာခိုင်နှုန်းပြီးစီး

**လွိုင်လင် အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ခဲလောင်း - ပန်ကျောင်း ကျေးရွာချင်းဆက် ကျောက်လမ်းခင်းခြင်းလုပ်ငန်းသည် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ခဲလောင်း - ပန်ကျောင်း ကျေးရွာချင်းဆက် ကျောက်လမ်းဆောင်ရွက်ပြီးစီးမှုကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲခေါင်ထွန်းနှင့် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) တို့က ယမန်နေ့နံနက်ပိုင်းတွင် လုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။



ခဲလောင်း - ပန်ကျောင်း ကျေးရွာချင်းဆက်လမ်းသည် ၀/၄ မိုင်၊ ၁၆ ပေ ၉ လက်မ ရှိကာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၄၇ ဒသမ ၉၈ သန်းဖြင့် ဆောင်ရွက်ကြောင်းနှင့် ယခုအခါ လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**လွိုင်လင်မိုး**

## ရပ်စောက်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲပြုလုပ်



**ရပ်စောက် အောက်တိုဘာ ၂၉**

ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာ ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စုတွင် ယနေ့နံနက်ပိုင်းက မိုးစပါးတစ်ဧက စံကွက်ရိတ်သိမ်းပွဲနှင့် တောင်သူနည်းပညာပေး ကွင်းသရုပ်ပြပွဲ ပြုလုပ်သည်။

ထို့နောက် မိုးစပါးတစ်ဧကလျှင် တင်း ၁၀၀ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးရုံး ဦးစီးအရာရှိ ဦးဝင်းနိုင်က တက်ရောက်သူ တောင်သူ ၅၃ ဦးအား မှာကြားသည်။

အဆိုပါမိုးစပါးတစ်ဧကစံကွက်ရိတ်သိမ်းရာ၌ တောင်သူဦးဝင်းကျော်၏ လယ်မြေငါးဧကတွင် ရွှေရင်အေးစပါးမျိုးအကွက်ကျယ် တစ်ဧကအား ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စံကွက်ရိတ်သိမ်းရာ ၁၂၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင်မူးယစ်ဆေး**




**"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ မြေကွက်အမှတ်-၁၈၀၁/ခ၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)၊ (၁၂၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၂၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၈၀၁/ခ၊ စည်ပင်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးရွှေထွန်း [၁၂/ဥကတ(နိုင်)၀၇၀၅၆၄]နှင့် ဒေါ်နှင်းဝေဝေ [၁၂/ဥကတ(နိုင်)၀၃၅၆၆၉]တို့(၂)ဦး အမည်ပေါက်လျက်ရှိသော နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အမည်ပေါက်ပိုင်ရှင်များထံမှ (၂၇-၁၀-၂၀၂၅) ရက်စွဲပါ ဆက်စပ်စာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လက်ဝယ်ရှိရောင်းချပိုင်ခွင့်ရှိသူ ရောင်းသူ ဒေါ်အေးအေးအောင် [၈/သရန(နိုင်)၀၀၀၈၉၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်နီလာဝင်း[၁၂/ပဇတ(နိုင်)၀၂၈၃၄၇]မှ ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ (၉၄)ရပ်ကွက်၊ ယုဇနဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ထားသော (၄)ခန်းတွဲ (၅)ထပ်တိုက် စုပေါင်းအဆောက်အအုံအဆောက်အဦရှိ တိုက်အမှတ် - ၂၊ အခန်းအမှတ် (၃)၊ အကျယ်အဝန်း (၂၄ ပေx ၂၆ ပေ)ရှိ မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့သည် အိမ်ရာစီမံကိန်းစာချုပ်အရ ဗိုလ်မှူးစိုးနိုင်ဦး [၇/ပတန(နိုင်)၀၈၂၉၄၈] အမည်ဖြင့် ရရှိထားသောတိုက်ခန်းဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းအား (၉-၁- ၂၀၂၅)ရက်စွဲပါ ဆက်စပ်စာချုပ်အရ ရောင်းသူ ဒေါ်မိုးပပခိုင် [၁၂/ဗဟန(နိုင်)၀၁၇၅၂၀]မှ လက်ဝယ်ရှိပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပြီး အဆိုပါတိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကြည် [၁၃/နဆန (နိုင်)၀၀၃၁၅၅]မှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၅၀၀၃၁၂၉၂**

## တံတားဦးမြို့နယ် တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ဆောင်နှင့် ကျောင်းခန်းမဆောက်လုပ်ရန် မြေသန့်မင်္ဂလာပြုလုပ်

တံတားဦး အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ဟံသာဝတီကျေးရွာအုပ်စု တောင်ဘီလူ အခြေခံပညာအထက်တန်းကျောင်း၌ အသစ်ဆောက်လုပ်မည့် စာသင်ဆောင်နှင့် ကျောင်းခန်းမတို့အား မြေသန့်မင်္ဂလာပြုလုပ်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ ဆောက်လုပ်ပေးမည့်အလှူရှင် ရိုးမကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူများ၊ တောင်ဘီလူအခြေခံပညာအထက်တန်း ကျောင်းကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်စုနှင့် ဆရာ ဆရာမများက တံတားဦးမြို့ ဂူကြီးဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ နယရက္ခိတ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဆရာတော်သံဃာတော်အပေါင်းက အသစ်ဆောက်လုပ်မည့်နေရာအား မြေသန့်မင်္ဂလာကမ္မဝါစာများ ရွတ်ပေးကြသည်။



ထို့နောက် တံတားဦးမြို့နယ် တောင်ဘီလူအခြေခံပညာအထက်တန်းကျောင်းတွင် အသစ်ဆောက်လုပ်မည့် အုတ်ညှပ် တစ်ထပ်စာသင်ဆောင်နှင့် ကျောင်းခန်းမဆောင်တို့အား တံတားဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ဝင်များ၊ အလှူရှင် ရိုးမကုမ္ပဏီများအုပ်စုမှ တာဝန်ရှိသူများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲများကို ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## 16th Singha Thailand Junior World Golf Championships 2025 ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၉

အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည့် 16th Singha Thailand Junior World Golf Championships 2025 ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဂေါက်သီးရိုက်အားကစားအဖွဲ့သည် အောက်တိုဘာ ၂၈ရက်နံနက်ပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာသွားရာ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲဝင်မြန်မာဂေါက်သီးရိုက်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးမြင့်ဇော်(တွဲဖက်အတွင်းရေးမှူး၊ မျိုးဆက်သစ်လူငယ်အားကစားသမားများ ဆပ်ကော်မတီ)၊ နည်းပြအဖြစ် အောင်ဆန်းမျိုး (Professional Golfers)၊ အားကစားသမားများအဖြစ် Junior Golf Myanmar (JGM) မှ မင်းခန့်သော်၊ ခန့်ဘုန်းလျှန်၊ ကျော်နေစိုး၊ နိုင်ဦးကို၊ ကျော်သံလွင်ဟိန်း၊ Choi Hwan၊ လင်းထက်ညီ၊ ပြည့်ဖြိုးထွဋ်၊ အောင်သန်းထွဋ်၊ ထူးမြတ်အောင်၊ ချိုသာအောင်နှင့် ဆုနှင်းဖြူတို့ ပါဝင်သည်။ မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် ယင်းပြိုင်ပွဲ၏ အမျိုးသား ၁၅-၁၈ နှစ်တန်းတွင် မင်းခန့်သော်၊ ခန့်ဘုန်းလျှန်၊ ကျော်နေစိုး၊ အမျိုးသား ၁၃-၁၄ နှစ်တန်းတွင် နိုင်ဦးကို၊ ကျော်သံလွင်ဟိန်း၊ Choi Hwan၊ လင်းထက်ညီ၊ ပြည့်ဖြိုးထွဋ်၊ အောင်သန်းထွဋ်၊ အမျိုးသား ၁၁-၁၂ နှစ်တန်းတွင် ထူးမြတ်အောင်၊ အမျိုးသမီး ၁၅-၁၈ နှစ်တန်းတွင် ဆုနှင်းဖြူနှင့် အမျိုး သမီး ၁၃-၁၄ နှစ်တန်းတွင် ချိုသာအောင်တို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**ကိုညီလေး**

## အောင်ပန်းမြို့၌ စက်မှုလက်မှုပညာသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းဖွင့်

ကလော အောက်တိုဘာ ၂၉

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (အောင်ပန်း)၌ အောက်တိုဘာ ၂၇ ရက်နံနက် ၉ နာရီက စက်မှုလက်မှုပညာသင်တန်းနှင့်ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာသင်တန်း အမှတ်စဉ် (၆)သင်တန်းဖွင့်ပွဲ ကျင်းပသည်။



ဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက အမှာစကားပြောကြားပြီး သင်တန်းအတွက် ထောက်ပံ့ ငွေများပေးအပ်ကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကျောင်း၌ စက်မှုလက်မှုအခြေခံသင်တန်းတွင် လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်းနှင့်လက်ကိုင်ဖုန်းပြင်သင်တန်း တို့ကိုသင်တန်းသား ၃၀ ဖြင့်လည်းကောင်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းတွင် အစားအစာနှင့် အဖျော်ယမကာ သင်တန်းနှင့်အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းတို့ကိုသင်တန်းသူ ၂၀ တို့အား သင်တန်းကာလ ၂၂ ပတ်ကြာဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မင်းတုန်းမြို့တွင် WE LOVE MINDON ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ




မင်းတုန်း အောက်တိုဘာ ၂၉

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အမှတ်(၄)ရပ်ကွက် လမ်းမတော်လမ်း၌ ယနေ့နံနက်ပိုင်းတွင် WE LOVE MINDON ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇင်မြတ်ထွန်းတို့က ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းက အမှာစကားပြောကြားပြီး WE LOVE MINDON ဆိုင်းဘုတ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီခဲ့ကြသော စီးပွားရေးလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ချင်းကလေး(NRDC)**

## ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေကို ကာကီနာဒါမြို့ တောင်ဘက်မှ ဖြတ်ကျော်ခဲ့သော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"(MONTHA)သည် မြောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ် ကုန်းတွင်းပိုင်းဒေသများသို့ရောက်ရှိခဲ့ကာ ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" (MONTHA)အဖြစ်သို့ အားလျော့သွားခဲ့သည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာအနောက်ပိုင်းမြို့နယ်၊ ၂၀-ရပ်ကွက်၊ ဗိုလ်မိုးကြိုးလမ်း၊ မြေတိုင်းအမှတ်-သကမ(၁၇)၊ မြေကွက်အမှတ်-(၉၈၇/ခ)၊ မြေဧရိယာ (၂၀x၆၀)ပေအကျယ်အဝန်းရှိသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသည့် မြေချပါမစ်မူရင်းအမည် ဦးကျော်မြင့်(X/RGN-003983)ဖြစ်ပြီး မငြိမ်းအိစံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသည့် လူနေအိမ်ခြံမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဌေး [၉/ညဥန(နိုင်)၁၅၅၉၇၂] မှ တရားဝင် ဝယ်ယူပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေကွက် တန်ဖိုး၏ တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းအိမ်ခြံမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား(မူရင်း)အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်ဌေး၏ လွှဲအပ်ချက်အရ-**
**ဦးဝင်းမင်းဗိုလ် (LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၅၉)**
**အမှတ်-(၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊သမိုင်း(၁)ရပ်ကွက်၊ မြို့သစ်(၄)လမ်း၊ မြေကွက်အမှတ်-၄၃ ပေါ်၌ ဆောက်လုပ်ထားသော ကန်ထရိုက်တိုက်အမှတ်-၁၃၃၊ အလျား ၁၂ပေခွဲxအနံ ၅၀ပေအကျယ်ရှိ ဒုတိယထပ်(ခြေရင်းခန်း)၏ ပိုင်ရှင်ဖြစ်သူ ဒေါ်အိမို့မို့ဇူးကို [၆/ထဝန(နိုင်)၁၂၂၄၉၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြသန္တာ [၁၂/အစန(နိုင်)၁၉၆၆၇၇] သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါရှိသည့်ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်သန်းထွေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၆၈)**
**အမှတ်(၁၉)၊ ရှော်ဖီအိမ်ရာ၊ ဗဟိုလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၄၄၄၀၃၁၇၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးမေတ္တာရပ်ကွက်၊ မေမြို့လမ်း(ခ)တံတားပြာလမ်းတွင်တည်ရှိသည့် မြေကွက်အမှတ်(၁၅၈၈)၊ ဦးဒန်းမဒါသားအမည်ပေါက် ပါမစ်မြေကွက်အကျယ်ပေ(၄၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမျိုးသက်(ဘ)ဦးတင်ထွန်း [၈/ခမန(နိုင်)၁၃၄၉၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်များဖြစ်သော ဒေါ်စံပယ်သူ [၈/မဘန(နိုင်)၀၈၈၇၀၄]၊ ဦးမင်းထွန်းနိုင်[၁၂/သကတ(နိုင်)၁၆၃၇၂၀]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း (မူရင်း)များနှင့် တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B) (LLM)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၁၃)လမ်းအရှေ့၊ အမှတ်(၅၄၂)တွင် နေထိုင်သူ ဒေါ်ချော [၁၂/ပဘတ(နိုင်)၀၂၀၃၂၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၉)လမ်းအနောက်၊ အမှတ် (၃၆၈/က)၊ မြေကွက်အမှတ် (၃၆၈/က)၊ စတုရန်းပေ (၁၂၀၀) ပေ (အလျားx အနံ)(၂၀ပေx၆၀ပေ) အကျယ်အဝန်း၏အနက်မှ ခေါင်းရင်းခြမ်းဖြစ်သော (အလျားxအနံ)(၁၀ပေx၆၀ပေ)အကျယ်အဝန်းအား မူလတရားဝင်အမည်ပေါက် ဦးကြွက်နီ (CI-၀၄၄၇၁၀) [၁၂/သကတ(နိုင်)၀၄၉၃၂၅]မှ ရောင်းချထားပြီး ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဆူလေမန် [၁၂/သကတ(နိုင်)၁၃၇၃၃၈]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ချော [၁၂/ပဘတ(နိုင်)၀၂၀၃၂၇]သည် (၂၇-၁၀-၂၀၂၄)ရက်နေ့တွင် (၁၀ပေx ၆၀ပေ)မြေကွက်နှင့် အိမ်အပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ခြင်း ကတိစာချုပ်ကို ချုပ်ဆိုခဲ့ပြီး ဥပဒေနှင့်အညီ လက်ရောက်လက်ခံဝယ်ယူထားပြီး ပိုင်ဆိုင်လျက်ရှိပါသည်။

အထက်တွင်ဖော်ပြထားသော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချောမှ တရားဝင်ပိုင်ဆိုင်ထားသောကြောင့် ၎င်းမြေကွက်အား အခြားသူတစ်ဦးတစ်ယောက်ကို အပြီးအပိုင်ရောင်းချမည့်ဖြစ်သည့် အတွက် ကန့်ကွက်သူရှိပါက (၆-၁၁-၂၀၂၅)ရက်နေ့အတွင်း စာရွက်စာတမ်းမူရင်းများ ယူဆောင်ပြီး ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူများမရှိပါက အခြားသူများကို မြေကွက်အပြီးအပိုင်ရောင်းချမည်ဖြစ်ကြောင်း သတ်မှတ်ရက်ထက်ကျော်လွန်ပြီးမှ လာရောက်ကန့်ကွက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ကျော်လှိုင် [LL.B, D.B.L, W.I.P.O (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၃၆၀)**
**အမှတ်(၆၈၆)၊ အနော်မာ(၁၆)လမ်းအရှေ့၊**
**၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း - ၀၉-၄၂၀၁၆၂၄၈၁၊ ၀၉-၇၅၈၇၆၆၃၆၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၆၀)၊ ဦးပိုင်အမှတ်(၄-ဥ)၊ ၆၈x၆၉ ကြား၊ ၃၂x၃၃ ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးအေးလွင်၊ ဒေါ်မြင့်မြင့်အေးတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၆၄၉/၂၀၀၂)ဖြင့် ဝယ်ယူခဲ့သူ ဦးရန်ဖာချန်(ခ)မောင်အေး [၉/မရမ(နိုင်)၀၈၀၉၀၅]က ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်ပျောက်၊ သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်.၁၁/တိုးချဲ့၊ မြသီတာအိမ်ရာ၊ မြေကွက်အမှတ်(၁-အေ/၆၈)၊ ဧရိယာ (၀.၂၁၇) ဧက၊ စတုရန်းပေ (၉၄၅၂)၊ အကျယ်အဝန်း (အလျား ၃၃'+၈၉'၃"/၉၁'xအနံ ၈၂' ၆"/၈၈'၆")ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁/တိုးချဲ့-ရပ်ကွက်၊ မြသီတာအိမ်ရာ၊ သီဟသူလမ်း၊ အမှတ်(၁-အေ/၆၈)ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းဇော် [၁၂/ဥကတ(နိုင်)၁၀၇၀၄၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်သန္တာထွန်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၉၈၁)**
**အမှတ်-၆၄၂၊ ဗညားဒွဲ့လမ်း၊ (၃၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၈၁၂၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ ဇာနည်(၁၁)လမ်း (အောက်)၊ မြေကွက်အမှတ်(၅၈၀)ပေါ်တွင်ဆောက် လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ ပထမထပ်၊ (၂-လွှာ)၊ ခေါင်းရင်းခန်း၊ အကျယ်အဝန်း(၁၉ပေx၅၄ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခိုင်သဉ္ဇာမြင့် [၁၂/ပဇတ (နိုင်)၀၃၂၇၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)**
**အမှတ်-၆၄၀/ခ၊ သရက်တောလမ်း၊ (၁၀၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၀၅၀၉၀၉၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ကံတော်လမ်း၊ အမှတ်-၄၂၆၊ ၂-ခန်းတွဲ ၆-ထပ်အဆောက်အဦ၏ ဒုတိယထပ်၊ ၃- လွှာ/B တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်အိရွှေစင်ဝင်း [၁၂/ဗဟန(နိုင်)၀၈၇၁၉၆] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးအောင်လင်းဇော် [၁၂/မဂဒ(နိုင်)၁၅၆၇၇၀] ကိုင်ဆောင်သူက လက်ရောက်အပြီးအပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်လင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## "(၁၄-၈-၂၀၂၃)ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုထားကြသော ဖခင်ဖြစ်သူမှ သားများသို့ မေတ္တာဖြင့် အပြီးအပိုင် ပေးကမ်းခြင်း သဘောတူကတိစာချုပ်အား ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာချက်"

၁။ ဖခင်ဖြစ်သူ ပန်ပိုလွင်(ခ)ဦးမျိုးဝင်းမှ သား(၃)ဦးဖြစ်သော ဦးကျော်ဇေယျာမျိုး၊ ဦးဖြိုးဇေယျာမျိုး၊ ဦးဟိန်းနိုင်အောင်တို့အား မိမိပိုင်ဆိုင်သော မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ဖခင်ဖြစ်သူမှ သားများသို့ မေတ္တာဖြင့် အပြီးအပိုင်ပေးကမ်းခြင်းသဘောတူ အရပ်ကတိစာချုပ်ဖြင့် (၁၄-၈-၂၀၂၃)ရက်နေ့တွင် ချုပ်ဆိုပေးကမ်းထားသည့်စာချုပ်အား (၂၈-၁၀-၂၀၂၅)ရက်နေ့မှစ၍ ဖျက်သိမ်းပါကြောင်းနှင့် အဆိုပါစာချုပ်ဖြင့် ပေးကမ်းထားသော ပစ္စည်းများအားလုံးကို မပေးတော့ဘဲ ပေးကမ်းခြင်းအား ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။ ထိုကဲ့သို့ စာချုပ်ဖျက်သိမ်းကြောင်းနှင့် ပေးကမ်းထားသောပစ္စည်းများအား ပြန်လည်ရုပ်သိမ်းကြောင်းကို ဖခင် ပန်ပိုလွင်(ခ)ဦးမျိုးဝင်းသည် မိမိရှေ့နေမှတစ်ဆင့် (၂၈-၁၀-၂၀၂၅) ရက်စွဲပါအကြောင်းကြားစာဖြင့် သား(၃)ဦးထံပေးပို့၍ အသေးစိတ် အသိပေးထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ပန်ပိုလွင်(ခ)ဦးမျိုးဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမြင့်ထွန်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၀၀)**
**[LL.B,GTI(EC),DL-101, WIPO (Switzerland)]**
**အမှတ်(၃၃/A)၊ ပထမထပ်၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၅၀၁၅၀၃၄၊ ၀၉ - ၇၉၂၃၉၇၁၀၇၊ ၀၉-၅၁၄၇၃၈၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃-က၊ အပိုင်း-၂)၊ ဦးပိုင်အမှတ်(၁၂၅-က)၊ ၃၇ လမ်းx၇၁ လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ အစ်မ ဒေါ်ရီရီမြင့် [၉/မရတ(နိုင်)၁၀၂၄၃၉]မှ ညီမဖြစ်သူ ဒေါ်အေးအေးမြင့် အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သူဌေးကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၉၄)၊ သူဌေးအရှေ့ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ် (၁၉)၊ ဧရိယာ (၉.၉၀)ဧကရှိ ဦးလွင်ဦးအမည်ဖြင့် ချထားပေးသော လယ်မြေအမျိုးအစား မြေကွက်ကို ၂၀၁၄ ခုနှစ်တွင် ဦးလွင်ဦး [၁၂/သလန(နိုင်)၀၂၄၁၁၀]ထံမှလည်း ကောင်း၊ သူဌေးကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၉၄)၊ သူဌေးအရှေ့ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ်(၂၉/က)၊ ဧရိယာ (၃.၉၁)ဧကရှိ ဦးကျော်သန်းအမည်ဖြင့် ချထားပေးသော လယ်မြေအမျိုးအစားမြေကွက်ကို ၂၀၂၁ ခုနှစ်တွင် ဦးကျော်သန်း[၁၂/သလန(နိုင်)၀၂၆၄၉၂]ထံမှ လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်ဖြူ [၁၃/ကခန(နိုင်)၀၃၁၄၉၆]က ဝယ်ယူလက်ဝယ်ထားရှိပြီး ဖြစ်ပါသည်။ ထိုမြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်ဖြူတစ်ဦးတည်းသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်၍ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲညွန့် အထက်တန်းရှေ့နေ (စဉ်-၉၆၄၁/၁၀-၇-၁၉၈၄)**
**အမှတ် (၁၁၈)၊ ဒုတိယထပ်၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၅၁၁၄၅၇၅၊ ၀၉-၇၈၄၈၉၉၂၅၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံ အလယ်ရပ်ကွက်၊ အကွက်အမှတ်(၅၉၈)၊ ဦးပိုင်အမှတ်(၂၄-ဓ)၊ ၈၃ လမ်း၊ ၂၇x၂၈ လမ်းကြားရှိ ဟာဂျီMအလီ အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးဟာဂျီဦးအလီ(ခ) ဟာဂျီMအလီ၊ မိခင် ဒေါ်လုလု၊ သား ဦးကျော်ညွန့်၊ သမီး ဒေါ်ခင်ခင်ရီနှင့် ခင်ပွန်း ဦးအောင်သန်း၊ သား ဦးကျော်မြင့်တို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီး မြေးမ၊ မြေးများဖြစ်ကြသော ဒေါ်ရာမဘီ [၉/မရမ(နိုင်)၀၅၆၆၇၆]၊ ဦးကျော်ဦး [၉/မရမ(နိုင်)၀၅၆၆၃၂]၊ ဒေါ်ဖြူဖြူခင် [၁၂/လမန(နိုင်)၀၅၃၉၅၀]၊ ဦးအေး [၉/မရမ(နိုင်)၀၅၆၆၇၀]၊ ဦးအောင်ချို [၉/ခအဇ(နိုင်)၀၀၀၁၁၅]၊ ဒေါ်နီနီခင် [၉/မရမ(နိုင်)၀၅၆၆၈၀]၊ ဦးကျော်မောင် [၉/မရမ(နိုင်)၀၅၆၆၅၄]၊ ဦးကျော်သူ [၉/မရမ(နိုင်)၀၈၃၅၉၉]၊ ဦးသန်းထွန်း [၉/မရမ(နိုင်)၀၅၆၅၉၇]၊ ဦးမျိုးထွန်း [၅/ဒပယ(နိုင်)၀၀၃၆၉၅]၊ ဒေါ်ဝင်းဝင်းသန်း [၉/မရမ(နိုင်)၀၅၆၆၀၀]၊ ဒေါ်မေသူအောင် [၉/မရမ(နိုင်)၀၅၆၆၀၁]၊ ဦးသန်းဝင်း [၉/မရမ(နိုင်)၀၀၅၃၃၉]၊ ဦးဆန်းဝင်း [၉/မရမ(နိုင်)၀၀၅၃၄၁]၊ ဒေါ်မာမာဝေ [၉/မရမ(နိုင်)၀၅၆၅၉၅]၊ ဒေါ်ပန်းဆုဝေ [၉/ခအဇ(နိုင်)၀၁၀၉၇၁]၊ ဦးဟိန်းမင်းထက် [၉/ခအဇ(နိုင်)၀၄၂၀၄၄]၊ ဒေါ်ခင်စိန် [၉/မရမ(နိုင်)၀၅၆၅၇၀]၊ ဒေါ်ကြည်ကြည် [၉/မရမ(နိုင်)၀၅၆၆၀၃]၊ ဒေါ်ခင်ထွေး [၉/မရမ(နိုင်)၀၅၆၅၃၂]၊ ဦးကျော်တင့် [၉/မရမ(နိုင်)၀၃၇၀၈၁]တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် ခဲစင်းပြစွန့်လွှတ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/၄ နဝဒေး၊ မြေကွက်အမှတ်- ၈၀၄၊ ဧရိယာ (၀. ၀၈၈)ဧက၊ မြေကွက်တည်နေရာအမှတ် - ၂၄/၆၊ စစ်ကိုင်းလမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်စုစုရွှေ [၉/မရမ(နိုင်)၀၉၁၃၃၅]၊ ဒေါ်မိုးသီတာရွှေ[၉/မရမ(နိုင်)၀၉၁၉၄၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်မိုးသီတာရွှေ [၉/မရမ(နိုင်)၀၉၁၉၄၆] သည် (၂၈-၃-၂၀၂၅) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဦးနန္ဒငြိမ်း [၉/မထလ(နိုင်)၀၉၁၃၂၆]မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ အခြားသောခင်ပွန်း မရှိကြောင်း၊ ၎င်းသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပူးတွဲကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စုစုရွှေ [၉/မရမ(နိုင်)၀၉၁၃၃၅] နှင့်အတူ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## "ပိုင်ဆိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သူဌေးကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၉၄) သူဌေးအရှေ့ကွင်း၊ ဦးပိုင်လုပ်ကွက်အမှတ် (၁၈)၊ ဧရိယာ (၆.၄၂)ဧကရှိ ဦးသိန်းဌေးအမည်ဖြင့် ချထားပေးသော လယ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချစ်ချစ်ဇော် [၁၃/မဆတ(နိုင်)၀၄၆၈၁၅]က (၂၀၁၄)ခုနှစ်တွင် ဦးသိန်းဌေး [၁၂/သလန(နိုင်)၀၅၀၈၈၈]ထံမှ ဝယ်ယူ လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချစ်ချစ်ဇော် တစ်ဦးတည်းသာလျှင် တရားဝင်လက်ဝယ် ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူဖြစ်၍ အခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲညွန့်**
**အထက်တန်းရှေ့နေ (စဉ်-၉၆၄၁/၁၀-၇-၁၉၈၄)**
**အမှတ် (၁၁၈)၊ ဒုတိယထပ်၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း -၀၉-၅၁၁၄၅၇၅၊ ၀၉-၇၈၄၈၉၉၂၅၅**

## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ထားဝယ်စုရပ်၊ (C) လမ်း၊ အမှတ်(၁၀)နေ ဒေါ်ကျင်ရီ [၆/မအရ(နိုင်)၀၂၇၁၄၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ကျင်ရီမှ ၎င်းစွဲဆိုမည့်အမှုများနှင့်ပတ်သက်၍ အမှုစွဲဆိုခွင့်၊ ရှေ့နေငှားရမ်းခွင့်၊ ခုခံချေပခွင့်၊ လက်မှတ်ရေးထိုးခွင့်၊ အယူခံမှုနှင့် ပြင်ဆင်မှုများ တင်သွင်းခွင့်၊ အဆိုပါအမှုနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များအား ၎င်း၏ကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် ဦးဝင်းဗိုလ် [၆/မအရ(နိုင်)၀၁၈၂၇၃] ရေကူးရပ်ကွက်၊ မြောက်ဥက္ကလာဝန်ထမ်းအိမ်ရာ၊ ရန်ကုန်တိုင်းဒေသကြီးသို့ အခွင့်ရကိုယ်စားလှယ်အဖြစ် နိုတြီအထူးကိုယ်စားလှယ်လွှဲစာ (Reg.No:4013/8/2022)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးထားခဲ့ပါသည်။ ယင်းသို့ လွှဲအပ်ပေးထားသော အထူး ကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါရှိသည့်နေ့မှစ၍ အပြီးအပြတ်ရုပ်သိမ်းပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ကျင်ရီ** | **ဒေါ်ဌေးဌေးဝင်း (LL.B)** |
| **[၆/မအရ(နိုင်)၀၂၇၁၄၁]** | **အထက်တန်းရှေ့နေ (စဉ်-၅၂၆၀)** |
| | **တိုက်အမှတ် (၀၀၂/A-၄)၊** |
| | **ရွှေကမ္ဘာအိမ်ရာ၊ မရမ်းကုန်းမြို့နယ်။** |
| | **ဖုန်း-၀၉-၂၅၀၇၀၂၃၉၇၊ ၀၉-၄၄၀၀၁၇၃၉၇** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅၃၅-ဘီ/အုတ်ဖိုရိုး(မြောက်)၊ ဦးပိုင်အမှတ်(၁၇၅/၅)၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ သဃ်န်းကျွန်းကြီးကျေးရွာ၊ စစ်တောင်းလမ်း၊ မြေကွက်အမှတ်(၅) ဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၁၁၄ ပေ x အနံ ၁၀၀ ပေ)ရှိ မြေကွက်အနက်မှ ဘယ်ဘက်အခြမ်း (အလျား ၁၁၄ ပေ x အနံ ၆၀ ပေ)အကျယ်အဝန်းရှိ မြေအစိတ်အပိုင်းနှင့် ယင်းမြေအစိတ်အပိုင်းပေါ်ရှိ အဆောက်အဦပါ ရေ၊ မီးနှင့် မြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးကနေဆာ [၁၂/မဂဒ(နိုင်)၁၅၉၃၆၇]က လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံ၍ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်သာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၈၄/၂၁- ၁၂- ၂၀၂၁)**
**အမှတ်(၁၉)၊ ရှော်ဖီအိမ်ရာ၊ ဗဟိုလမ်းမ၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ -၇၆၈၂၁၁၁၂၊ ၀၉-၈၈၇၅၈၇၈၈၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊ မြေကွက်အမှတ်-၃၈၁/ခ၊ ဧရိယာ(၂၀x ၆၀)ပေ၊ မြေကွက်တည်နေရာအမှတ် (၃၈၁/ခ)၊ ထူပါရုံ(၂၂) လမ်းအနောက်၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်မောင် [၁၂/သကတ(နိုင်)၁၀၅၉၄၅]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ခင်စိုးနိုင်မှ တရားလိုပြုလုပ်၍ ဦးမောင်မောင်အား တရားပြိုင်ထားကာ သာကေတမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ်-၁၁၄/၂၀၂၄ ဖြင့် ကတိပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ အမည်ပေါက်သည်အထိ ဆောင်ရွက် ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၁၀-၃-၂၀၂၅)ရက်စွဲပါ စီရင်ချက် တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၂၅/၂၀၂၅ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂-၅-၂၀၂၅)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်း တာဝန်ခံ မိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် တရားရှုံးကိုယ်စား တရားရုံးအရာရှိအဖြစ် ဘီလစ် ဒေါ်မိုးပပမျိုး [၁၂/ဥကတ(နိုင်) ၁၄၈၈၅၇]က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဌာနသို့အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ မြေကွက်-၃၈၁ (၄၀ ပေ x ၆၀ ပေ)အနက်မှ ၃၈၁/ခ (၂၀ ပေx၆၀ ပေ) ခွဲထုတ်ပြီးသည့် ခွဲကျန်ဂရန်မူရင်းတို့တင်ပြ၍ တရားရုံးဘီလစ် ဒေါ်မိုးပပမျိုးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ် )**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်”

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၈-က)၊ ဘုံရှည်ကုန်းကျေးရွာ၊ စမ်းချောင်း(မြောက်)ကွင်းရှိ ဒေါ်ဖွားချို၏အမည်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေပုံမြေရာဇဝင်စာရင်း၌ မှတ်သားထားရှိသော ဧရိယာ(၁.၀၇၃)ဧကရှိ မြေကွက်ကို ဒေါ်ခင်ဝင်းကြည် [၁၂/စခန(နိုင်)၀၂၇၀၁၉]မှ မိမိပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု၍ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဝင်း [၁၂/ဗတထ(နိုင်)၀၂၅၁၄၅]မှ ဝယ်ယူမည်ဖြစ်ရာ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်နိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်–၇၀၅၇/၂၀၀၂)**
**အမှတ်(၁၄၁–၁၄၅)၊ ဒုတိယထပ်၊ ဗိုလ်အောင်ကျော်လမ်း (အောက်) ဘလောက်၊ ကျောက်တံတားမြို့နယ်။ ဖုန်း–၀၉–၅၀၇၀၈၀၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄/ကံဘဲ့)၊ မြေကွက်အမှတ်(၃၆/ဃ–၂)၊ အကျယ်အဝန်း(၀.၁၀၅)ဧကအကျယ်ရှိ ဦးဝင်းသော်ဦး၊ ဒေါ်သီတာစိုးတို့အမည်ပေါက်သည့် B–လ/န ၃ ခ မြေကွက် (အရပ်ခေါ်) ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ စပယ်မြိုင်ခြံ၊ မိုးကောင်းလမ်းသွယ်၊ အမှတ် (၃၆/ဃ–၂)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေ+မီး စုံလင်စွာပါရှိသော နှစ်ထပ်အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ၁။ ဦးဝင်းသော်ဦး[၁၂/မဂတ(နိုင်)၀၀၁၈၇၆]၊ ၂။ ဒေါ်သီတာစိုး [၆/ထဝန(နိုင်)၀၀၂၉၁၃]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**အထက်တန်းရှေ့နေ**
**ဒေါ်ဝတ်ရည်ဌေး LL.B, LL.M (စဉ်–၃၆၉၁၇)**
**တိုက်(၂၀)၊ အခန်း(၂၀၁)၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ စောယွန်းလမ်း၊ လှိုင်သာယာမြို့နယ်။**
**ဖုန်း – ၀၉–၄၂၀၂၀၃၉၆၀၊ ၀၉–၄၃၁၈၅၅၁၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၀ ရပ်ကွက်၊ အသဃက (၂၄)လမ်း၊ အမှတ်– ၈၉၇/က၊ ၁ ခန်းတည်း ၅ ထပ်အဆောက်အဦ၏ မြေညီထပ်၊ (၁၈ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဦးဇော်ဇော်ထက် [၁၂/ဥကတ(နိုင်)၁၇၃၈၉၉] ကိုင်ဆောင်သူက ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကျော်ဇင်လတ် [၁၀/သဖရ(နိုင်) ၀၈၅၀၅၉] ကိုင်ဆောင်သူက လက်ရောက် အပိုင်ဝယ်ယူရန် သဘောတူ လက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ဇင်လတ် ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၆၁၅၀)**
**အမှတ်– ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉– ၂၅၄၃၄၅၇၄၆၊ ၀၉– ၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ ရိုးရာလမ်း၊ မြေကွက်အမှတ်(၁၅၅၁)ဟုခေါ်တွင်သော ဦးတင်ဦးအမည်ပေါက် (၄၀ x ၆၀)ပေအကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးတင်အောင်မြင့် မှတ်ပုံတင်နံပါတ် [၁၂/အလန(နိုင်)၀၃၀၄၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်သီတာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၇၆၄၇/၁၀)**
**အမှတ် – ၂၈၄၊ ဥဇ္ဇနာ(၃)လမ်း၊ (ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၄၂၀၁၀၂၂၀၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ တမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ မြေကွက်အမှတ်(၆၅၁)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဒေါ်သန်းသန်းဦး [၁၂/တမန(နိုင်)၀၁၉၅၉၈]ထံမှ ဦးဆန်းဗိုလ် [၉/မစန(နိုင်)၁၆၅၃၈၆]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယုမွန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၀၀၈/၄–၁၂–၂၀၁၈)**
**အမှတ်(၄/၁၂)၊ မဟာရာလမ်း၊ တိုးချဲ့(၄)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်။ Ph:09-420059754**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၀)၊ မြေကွက်အမှတ် (၈၉၃)၊ သစ္စာလမ်းပေါ်ရှိ အကျယ်အဝန်း(အလျား ၄၀x အနံ ၆၀)ပေရှိသော ဦးလှသိန်း အမည်ပေါက်ပါမစ်မြေကွက်အနက်မှ အကျယ်အဝန်း (အလျား ၂၀x အနံ ၆၀)ပေရှိ မူရင်းခြမ်းမြေကွက်၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ခင်ထွေး[၁၂/သဃက(နိုင်)၁၇၄၂၁၉]ထံမှ ကျွန်မ ဒေါ်ဌေးဌေးဝင်း [၁၂/မဂဒ(နိုင်)၀၆၉၁၀၈]က အပြီးအပိုင် တရားဝင်ဝယ်ယူပိုင်ဆိုင်နိုင်ရန်အတွက် အရောင်းအဝယ်ပြုသော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် အရောင်းအဝယ်ပြုသည့်မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အဆိုပါသတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးဝင်း**
**ဖုန်း–၀၉–၉၇၅၈၀၃၂၁၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၈)၊ အောင်သီရိလမ်း၊ မြေကွက်အမှတ်(၇၆၁/က)၊ ဧရိယာ(၀.၀၃၁)ဧကအကျယ်ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်တင်တင်[၁၂/ပဇတ(နိုင်)၀၁၀၀၈၅]ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးအောင်ဇင်ထူး [၁၂/ရကန(နိုင်)၀၇၁၂၈၄]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့်အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးညာဏ်မင်းထက် (LL.B, DIPL)** | **ဒေါ်ယုဇနီကို(LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း – ၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်းနှင့် နှစ်ဦးပိုင်ပစ္စည်းများ ခွဲဝေပြီးစီးကြောင်း အများသိစေရန် ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော ဦးရဲတင် (ဘ) ဦးငြိမ်း [၉/ကပတ(နိုင်)၀၀၂၇၅၇]နှင့် ဒေါ်ခင်မိုးဆွေ (ဘ) ဦးနီတာ [၉/ကပတ(နိုင်)၁၆၁၃၂၅]တို့သည် (၉–၁၀–၂၀၂၅)ရက်နေ့တွင် ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌ အသိသက်သေများ၏ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးထမ်ဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုပြီးဖြစ်သဖြင့် ဦးရဲတင်နှင့် ဒေါ်ခင်မိုးဆွေ ကွာရှင်းပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှု မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် နှစ်ဦးသဘောတူ ပစ္စည်းခန်းခွဲဝေမှုအရ (၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ အောင်သီတာလမ်း၊ အမှတ်(၅၃၄)၊ အကျယ်အဝန်း(အလျား ၅၀ ပေ x အနံ ၁၂ ပေခွဲ)ရှိမြေနှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထား သော (၂)ထပ်အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် (၂) ဦးရဲတင်အမည်ပေါက်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၂၄၉၆)၊ ဧရိယာ(၀.၀၅၅)ဧက၊ အကျယ်အဝန်း(အလျားပေ၅၀ x အနံပေ၆၀)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်များကို ဒေါ်ခင်မိုးဆွေက ခွဲဝေရရှိပြီး လက်ဝယ်ရရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ၎င်းတစ်ဦးတည်း အကျိုးပိုင်ဆိုင်ခံစားခွင့်ရှိပါကြောင်းနှင့် ဒေါ်ခင်မိုးဆွေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ စွန့်လွှတ်၊ လှူဒါန်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် ကြိုတင်ကန့်ကွက်ပါကြောင်းနှင့် ထိုသို့ပြုလုပ်လာပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မိုးဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်သူဇာနွယ် (LL.B, DBL) အထက်တန်းရှေ့နေ(စဉ်–၅၅၀၀၃)**
**အမှတ်(၇၈၃)၊ အောင်သစ္စာ(၆)လမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်–၀၉–၉၆၄၂၂၇၁၈၂**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(၅၆–သမိုင်း)၊ မြေကွက်အမှတ်–၃၀/င၊ ဧရိယာ–(၀.၆၈၆)ဧက၊ မြေကွက်တည်နေရာအမှတ်(၂၆)၊ မလိခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ကျော်ကျော်ရှိန်၊ သင်းသင်းရှိန်၊ ဇော်ဇော်ရှိန်တို့၏ အုပ်ထိန်းသူ ဒေါ်ခင်လှမြင့် အမည်ပေါက် မြေပိုင်မြေအား အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ခိုင်လင်း [၁၂/ကမရ(နိုင်)၀၄၄၅၀၆]မှ တရားလိုပြုလုပ်၍ အမည်ပေါက်များအား တရားပြိုင်ထားရှိကာ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်–၁၁၇/၂၀၂၅ ဖြင့် မြေကွက်နှင့် နေအိမ်အား အပြီးအပိုင်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ (၂၅–၆–၂၀၂၅)ရက်နေ့တွင် အနိုင်ဒီကရီရရှိခဲ့ပြီး တရားမဇာရီမှုအမှတ်–၁၄၈/၂၀၂၅(၂၄–၇–၂၀၂၅)ဖြင့် တရားရုံးများကိုယ်စားဆောင်ရွက်နိုင်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်နွေးဥက္ကာ(ဘီလစ်) [၁၄/မအန(နိုင်)၂၁၈၂၇၃]မှ တရားရုံးအနိုင်ဒီကရီ အထောက်အထား၊ တရားရုံးနေ့စဉ်မှတ်တမ်း၊ အမည်ပေါက်စာချုပ်မိတ္တူမှန်၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဘီလစ်ခန့်စာတို့ကိုတင်ပြ၍ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်(၁)ရှိ အမည်ပေါက်များက(၉–၉–၉၂)ရက်စွဲဖြင့် မြေပုံကူးလျှောက်ထားခြင်း မြေစာရင်းမှတ်ချက်(၂)ရှိ (၁၀–၉–၉၂)ရက်စွဲဖြင့် မြေပုံကူးလျှောက်ထားခြင်း၊ မြေစာရင်းမှတ်ချက်(၃)ရှိ ၁၉၉၃–ခုနှစ် မြေပုံကူးလျှောက်ထားခြင်းမှတ်ချက်များအား ရှင်းလင်းတင်ပြရန် အကြောင်းကြားခဲ့ရာ မြေစာရင်းမှတ်ချက် (၁)(၂)(၃)တို့သည် တရားပြိုင်များဘက်မှ အဆိုပါမြေကွက်အား မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးလျှောက်ထားခဲ့ခြင်းများသာဖြစ်ပါကြောင်းကို မြေပုံမိတ္တူနှင့်တကွ ပူးတွဲတင်ပြလာပြီး မိမိပိုင်ဆိုင်သောမြေကွက်အား ယခုအခါ ဘီလစ်ဒေါ်နွေးဥက္ကာမှ အရောင်းမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ကိစ္စအဝဝကို (တရားနိုင်) မိမိမှ တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း တရားနိုင်မှ (၁၇–၉–၂၀၂၅)ရက်စွဲပါစာဖြင့် ရှင်းလင်းတင်ပြလာပါသဖြင့် ဘီလစ်ဒေါ်နွေးဥက္ကာမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ရာ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card)တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့်အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ်ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အားသုံးစွဲခဲ့သူ အောက်ဖော်ပြပါအမည်စာရင်းတွင်ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ကြသူများအနေဖြင့် ကမ္ဘောဇဘဏ်လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ်သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့်အဖိုးအခများကို ယခုကြေညာချက်ပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း သက်ဆိုင်ရာဘဏ်ခွဲသို့ လာရောက် ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် |
|---|---|---|
| ၁ | ဦးဇေယျာဝေဖြိုး | [၁၂/ဥကမ(နိုင်)၁၈၆၄၄၃] |
| ၂ | ဒေါ်အမရာဆွေတင် | [၁၂/ဒဂန(နိုင်)၀၃၁၁၁၀] |
| ၃ | ဒေါ်ဇာခြည်မင်းဝေ | [၁၂/ရကန(နိုင်)၀၆၆၅၈၅] |
| ၄ | ဒေါ်နန်းကေသီအောင် | [၁၃/တကန(နိုင်)၀၉၆၁၆၇] |
| ၅ | ဦးဝင်းသီဟ | [၁၃/တကန(နိုင်)၂၄၆၀၂၁] |
| ၆ | ဒေါ်တင်နီလာဝင်း | [၇/ပမန(နိုင်)၁၆၃၄၃၈] |
| ၇ | ဒေါ်ဖြူဖြူခိုင် | [၁၁/ဂမန(နိုင်)၀၂၃၄၃၉] |
| ၈ | ဒေါ်သင်းခိုင်စိုး | [၁၂/ကတတ(နိုင်)၀၀၀၂၂၉] |
| ၉ | ဦးဇင်လင်းဖြိုး | [၁၂/ဒဂတ(နိုင်)၀၈၀၈၈၀] |
| ၁၀ | ဒေါ်ချမ်းမြေ့သူ | [၁၂/ထတပ(နိုင်)၁၀၇၆၇၈] |
| ၁၁ | ဒေါ်ချိုချိုဝင်း | [၁၄/ဇလန(နိုင်)၀၈၂၆၆၉] |
| ၁၂ | ဒေါ်နွဲ့ရင် | [၁၂/မရက(နိုင်)၁၅၄၁၃၄] |
| ၁၃ | ဒေါ်မေသဇင်ဖူး | [၁၂/သဃက(နိုင်)၁၆၆၆၅၀] |
| ၁၄ | ဦးချစ်ကိုကို | [၁၂/သဃက(နိုင်)၀၀၀၅၅၄] |
| ၁၅ | ဦးညီလွင် | [၁၂/ဒလန(နိုင်)၀၅၀၃၇၂] |
| ၁၆ | ဒေါ်မိငယ် | [၁၂/ဗတထ(နိုင်)၀၃၉၀၄၄] |
| ၁၇ | ဦးအောင်သူရ | [၁၂/မဂတ(နိုင်)၁၀၃၁၀၀] |
| ၁၈ | ဒေါ်နွေးနွေးဦး | [၆/ထဝန(နိုင်)၁၂၂၆၄၄] |
| ၁၉ | ဒေါ်အိအိသဲ | [၁၀/ခဆန(နိုင်)၁၁၃၀၅၉] |
| ၂၀ | ဒေါ်ဖြိုးအိအိနိုင် | [၁၂/ဒဂမ(နိုင်)၀၂၅၇၂၈] |

**Legal and Compliance Function**
**ကမ္ဘောဇဘဏ်လီမိတက်**
**အမှတ်(၅၃)၊ Strand Square Office ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph–01–2307091**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ နွယ်နီလမ်း၊ မြေကွက်အမှတ်(၉၅၅/က)၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဒေါ်ပြုံးချို [၁၂/သဃက(နိုင်)၀၂၀၅၅၂]အမည်ပေါက် မြေချပါမစ် မြေအမျိုးအစားမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်မဉ္ဇူမိုး [၁၂/ရပသ(နိုင်)၀၇၂၈၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက် စာတမ်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ မြေကွက်အမှတ် (၂၉၃)အား အမည်ပေါက် ဦးကျော်အေး (ISN–502765) [၁၂/ဒဂတ(နိုင်) ၀၈၁၄၀၀] ၏ သားဖြစ်သူ ဦးကျော်နိုင် [၁၂/လကန(နိုင်)၀၀၈၉၁၃]မှ ဖခင်ဖြစ်သူအမည်ဖြင့် မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**မြေယာဌာနခွဲ၊ နေပြည်တော်**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရွှေလင်ဗန်း(၂၆)ရပ်ကွက်၊ ရွှေဘုံသာ(၃)လမ်း၊ အမှတ် (၄၆၈)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်သည် သက်ဆိုင်ရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစိုးလွင် [၁၂/လသယ(နိုင်)၀၀၈၄၅၀]အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပြီး တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း (၂၀x၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ၊လျှပ်စစ်မီတာ၊ ရေအပါအဝင်၊ သီးပင်စားပင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကို စာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်ကျော်စိုး [၁၂/လသယ(နိုင်)၀၀၈၆၆၂]မှ တစ်ဆင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးမောင်ဌေး [၉/ကပတ(နိုင်)၁၉၇၂၆၉] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇော်မင်းနိုင် LLB, DL – 101 Wipo (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၉၁၈/၁၆)**
**ရုံး – အမှတ် (၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ – ၄၂၅၁၆၈၉၃၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အောင်ဇေယျ (၇) လမ်း၊ အမှတ် (က/၇) ဟုခေါ်တွင်သည့် အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) ရှိ ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလအမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးရွှေကျော်သိန်း (KPU-၀၀၃၉၆၆) ထံမှ အဆက်အစပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသော ဦးခင်မောင်ညို (HLG-၀၃၆၁၈၁) သည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စန္ဒာဌေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၂၄၈၄၉)**
**အမှတ် (၅၀)၊ ဘဏ်လမ်း၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၇၆၄၃၁၂၁၉၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်ဗထူးအိမ်ရာ(၂)၊ တိုက်(BB–3)၊ အခန်း(804)၊ U–900 အမျိုးအစား တိုက်ခန်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဒေါ်စုစုလှိုင်အမည်ပေါက်လျက်ရှိပြီး ဒေါ်ကျော့လှကေခိုင်အောင် [၁၂/သဃက(နိုင်)၁၆၃၃၉၅]က အရပ်စာချုပ်ဖြင့်ဝယ်ယူထားရှိပြီး တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်မြတ်ကြည်က အပြီးအပိုင်ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မြတ်မြတ်ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်လှိုင်ဝတ်ရည်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၅၀)**
**တိုက်အမှတ်(B/12)(102)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**မြောက်ဒဂုံမြို့နယ်။ ဖုန်း–၀၉–၄၂၀၀၈၀၅၂၄၊ ၀၉–၆၇၆၇၈၀၅၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၇၊ မြေကွက်အမှတ်–၇၉၄၊ မြေကွက်တည်နေရာအမှတ်–၇၉၄၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၇ ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးစိန်လှအောင် (အက်စ်အာရ်အမ်–၀၀၈၆၀၈) အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးစိန်လှအောင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးတော်စပ်သူ ဒေါ်ဆန်းဆန်းသစ်မှ တရားဝင် ဇနီးဖြစ်ကြောင်း၊ ခင်ပွန်းဖြစ်သူတွင် မိမိမှလွဲ၍ အခြား ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ခင်ပွန်းကွယ်လွန်ပြီး အထက်ပါ မြေကွက်၏ ပိုင်ဆိုင်ခွင့် အစုစုအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ မိမိသာ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ(၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်ကတ်တို့ တင်ပြ၍ ဒေါ်ဆန်းဆန်းသစ် [၁၂/သလန(နိုင်)၀၁၈၃၃၀] မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

# အထူးဝမ်းနည်းကြေကွဲခြင်း

# ဗိုလ်မှူးကြီး စံလင်း(ငြိမ်း)

## အသက်(၈၀)နှစ်

## ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်ဟောင်း

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်ဟောင်း ဗိုလ်မှူးကြီး စံလင်း(ငြိမ်း) သည် (၂၈–၁၀–၂၀၂၅)ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေတိဂုံစေတီတော်**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်–၂၉၂၊ ၂ ခန်းတွဲ ၆ ထပ် အဆောက်အဦ၏ ဒုတိယထပ်၊ ၃–လွှာ(ခြေရင်း)တိုက်ခန်းနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်းနှင့် ရောင်းချလိုကြောင်း ဒေါ်ညိုညိုဝင်း [၁၂/သဃက(နိုင်)၀၃၉၁၇၆] ကိုင်ဆောင်သူက အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နှင်းနှင်းအောင် [၁၁/သတန(နိုင်)၀၀၀၂၉၇] ကိုင်ဆောင်သူက လက်ရောက် အပြီးအပိုင် ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နှင်းနှင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၆၁၅၀)**
**အမှတ်– ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၂၅၄၃၄၅၇၄၆၊ ၀၉–၉၇၁၈၁၁၉၈၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ၂၉–လမ်း (အထက်)၊ အမှတ် (၁၇၅) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၈) ထပ်တိုက်၏ ပထမထပ် (ဘယ်+ညာ)၊ အခန်းအမှတ် (၃) (၄)၊ အကျယ်အဝန်း (၁၆ ပေ x ၄၅ ပေ)စီရှိ တိုက်ခန်း (၂)ခန်းနှင့် ယင်းတိုက်ခန်း (၂)ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်လင်း [၁၂/သဃက (နိုင်)၀၀၂၅၇၇ ] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း (၂)ခန်း အရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်း (၂) ခန်းအရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်–၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၉၇၅၀၂၁၈၄၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်– ၆၆၂၊ ဦးပိုင်အမှတ်– ၆၃–ခ/၄၀x၄၁ကြား၊ လမ်း ၈၀ မျက်နှာပြုရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးခင်မောင်ဦး[၉/မရမ(နိုင်) ၀၃၂၆၉၃] က ဂရန်မူရင်းမှာအသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့် ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ–၂)၊ ဦးပိုင်အမှတ်(၆၄)၊ ကနောင်မင်းသားကြီးx မဏ္ဍရာလမ်းကြား၊ ၆၆x၆၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဌေးဌေးရီ [၉/မရတ (နိုင်) ၀၂၅၄၇၀]၊ ဒေါ်ဝေသူခိုင် [၉/ခမစ (နိုင်) ၀၁၄၀၀၈]တို့က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၄၁၃–က၊ အပိုင်း–၆)၊ ဦးပိုင်အမှတ်(၄+၅)၊ ၃၇လမ်း၊ ၇၀x ၇၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းမြင့်သိန်း [၁၂/မဂတ (နိုင်) ၀၄၀၈၁၅]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၂၃၉၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချိန်ကွေ့ရှန်း [၁၃/လရန(နိုင်)၂၃၄၃၈၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၂ရပ်ကွက်၊ အကွက်အမှတ်(ဆ–၇)၊ ဦးပိုင်အမှတ်(၉၃ခဲစင်းမြောက်ခြမ်း)၊ ၇၂လမ်းမျက်နှာပြု၊ ၁၀၈X၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်သန်း [၉/မနမ (နိုင်) ၀၅၄၆၉၅]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းအဆင့်(၁)၊ စက်ာပူလမ်းအနီး၊ မြေကွက်အမှတ်(၁၅၃၁)၊ မြေကွက်အကျယ် (၄၀ပေx၆၀ပေ)ရှိ ဦးထွန်းသန်း အမည်ပေါက် ပါမစ်မြေကွက်အတွင်းမှ (ခြေရင်းခြမ်း)၊ မြေကွက်အကျယ် (၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးထွန်းသန်း၏ သားသမီးများဖြစ်ကြသော ဦးအောင်လွင်ဦး [၁၂/သလန(နိုင်)၀၇၇၆၂၀]၊ ဒေါ်သူဇာလွင် [၁၂/သလန(နိုင်)၀၇၄၁၂၄]၊ ဦးမင်းအောင် [၁၂/သလန(နိုင်)၀၇၄၁၅၉]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမြင့်[၁၂/သဃက(နိုင်)၀၉၂၀၅၉]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၉၁၈၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်–၂ရပ်ကွက်၊ အကွက်အမှတ်(န–၃)၊ ဦးပိုင်အမှတ်(၄၇)၊ ၆၂(ဘီ)လမ်း၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးဝင်းထွေးအောင် [၉/ရမသ (နိုင်)၀၀၃၉၁၄]၊ ဒေါ်အေးအေးခင် [၉/ရမသ(နိုင်) ၀၀၈၀၅၉] တို့က အမှုတွဲအမှတ်(၃၂၀၀/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်–၁၃၊ ဦးပိုင်အမှတ်၄၃–ခ၊ ၅၁x၅၂ကြား၊ ၁၀၃x၁၀၄လမ်းကြားရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ်(၂၃၃၂/၉၁–၉၂) အရ ဦးမောင်နှင်း မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၀၉၀၀၅၈] အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးထွန်းအေး မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်) ၀၉၁၈၁၉]၊ ဦးထွန်းထွန်း၊ မှတ်ပုံတင်အမှတ်[၉/မရတ(နိုင်)၁၂၉၇၅၀]၊ ဦးထွန်းထွန်းဝင်း မှတ်ပုံတင်အမှတ် [၉/မရတ(နိုင်)၁၂၉၇၄၉]၊ ဦးထွန်းထွန်းမင်း မှတ်ပုံတင်အမှတ်[၉/ခမစ(နိုင်)၀၂၃၄၂၅]တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ညောင်ရမ်းလမ်း၊ အမှတ်(၂၃ နှင့် ၂၄) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x၆၀ ပေ)ရှိ မြေကွက်များမှာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန/ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် ဒေါ်ချစ်လှိုင် [၇/ညလပ(နိုင်) ၀၀၃၀၂၈] နှင့် ဒေါ်မြင့်စန်း [၇/ညလပ (နိုင်)၀၀၂၇၂၉] အမည်များဖြင့် မှတ်သားထားရှိသော ပါမစ်မြေအမျိုးအစားမြေကွက်များဖြစ်ပြီး ဦးမျိုးဇော် [၁၄/မအပ(နိုင်)၀၅၁၆၇၉] နှင့် ဒေါ်ဝင်းမြ [၉/မရတ (နိုင်)၀၉၅၂၃၇]တို့မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးလင်းကျော်နိုင် [၁၂/သဃက (နိုင်) ၁၃၉၄၀၇] က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဖြိုးသက်ဦး** | **ဒေါ်နှင်းယုဝေအေး** | **ဒေါ်ခိုင်ခိုင်ဇော် (LL.B, DIPL)** |
| **(LL.B)** | **(LL.B,LL.M,D.I.L)** | **အထက်တန်းရှေ့နေ၊ စဉ်–၅၀၈၉၀** |
| **စဉ်–၁၈၅၀၃** | **စဉ်–၁၈၂၃၇** | |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၈၀)၊ ချမ်းသာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း ၀၉–၄၀၀၀၀၆၁၉၉၊ ၀၉–၇၉၉၀၈၂၁၁၅**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး။ (ယခင်–မြောက်ပိုင်းခရိုင်) ယခု–လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ်–၁၀၄၃ A၊ နေကျော်ကွင်း။ ဦးပိုင်အမှတ် – ၂၁/ဈ၊ ဧရိယာ (၀. ၆၃)ကေ၊ ဦးပိုင်အမှတ်–၂၃/က၊ ဧရိယာ (၂. ၅၉)ကေ၊ ဦးပိုင်အမှတ်–၂၃/ခ၊ ဧရိယာ (၁၁. ၉၀)ကေ၊ ဇီးပင်ဝဲကျေးရွာအုပ်စု၊ ကွင်းအမှတ်–၁၀၄၃ B၊ နေကျော်ကွင်း။ ဦးပိုင်အမှတ်–၈/ဋ၊ ဧရိယာ (၂၆. ၇၈)ကေနှင့် ရေတလဘောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်–၅၀၃/ခ၊ သပင်တက်ခွတ်မကွင်း။ ဦးပိုင်အမှတ်–၁၀၊ ဧရိယာ (၁၄. ၉၁)ကေ၊ စုစုပေါင်းဧရိယာ (၅၆. ၈၁)ကေရှိလယ်မြေများကို လှည်းကူးမြို့မြေစာရင်းတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)၊ လယ်ယာမြေပုံစံ (၁၀၅) အမည်ပေါက်ရရှိထားသူ ဦးဝင်းဟန် (၁၀/မဒန (နိုင်) ၀၂၁၇၆၁)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေတစိတ်တဒေသအား ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါလယ်မြေကွက်များအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ချိုချိုဝင်း LL.B, D.B.L၊ တရားလွှတ်တော်ရှေ့နေ (စဉ် – ၆၉၁၂)**
အမှတ်–၅၀၊ အခန်း (A-၂၀)၊ ပ–ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉–၅၁၄၅၁၃၂၊ ၀၉ ၇၆၂၄၇၄၁၅၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂၊ ၂၃)(ကမာရွတ်)၊ ၂၆၊ ၂၈(သမိုင်း)၊ မြေကွက်အမှတ်(၁၀၃/၆)၊ ပါရမီလမ်းပေါ်တွင်တည်ရှိသည့် **Parami Valley Residence** စီမံကိန်း၏ **B1** ၊ အခန်း(၇ခန်းတွဲ ၁၂ထပ်) အဆောက်အဦ၏ (2)ထပ်၏ အခန်းအမှတ် **(B1–201)**၊ အကျယ်အဝန်း ဧရိယာ (၁၈၀၀)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းတွင် အခိုင်အမာတွယ်ကပ် တပ်ဆင်ပြီးသော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်မြတ်ရည်ဝင်း [၁၂/တမန (နိုင်)၀၉၇၅၀၉]** မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော **ဒေါ်ခိုင်ခိုင်ဝင်း [၁၂/ဗဟန(နိုင်)၀၄၇၄၅၁]** နှင့် **ဒေါ်သီတာခင်မျိုးစန်း [၁၂/ရကန(နိုင်)၀၂၈၉၇၀]** တို့ထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုလှိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၅၅၅၆၃)**
**အမှတ်(၁၇၇)၊ မြရတနာ(၆)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၇၉၅၆၀၁၈၆၃၊ ၀၉–၄၂၀၈၈၆၉၁**

❖ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအထောက်အကူပြုနိုင်သည့် အင်အားများမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေ ၂၀ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**

# အများပြည်သူလူထု ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် သာစည်-ရွှေညောင်လူစီးရထားအား တောင်ကြီးအထိပြေးဆွဲပေးမည်ဖြစ်ပြီး တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း တောင်ကြီး-ပေါမှု-တောင်ကြီး Sight Seeing ရထားများ ပြန်လည်ပြေးဆွဲပေးမည်

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာဂီမုန်တိုင်း သဘာဝဘေးဒဏ်ရေကြီးရေလျှံမှုကြောင့် သာစည်-ရွှေညောင်-တောင်ကြီး ရထားလမ်းပိုင်းတို့ရှိ အချို့နေရာများတွင် ရထားလမ်းတာပေါင်များ၊ တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့ခြင်း၊ မြေပြိုကျ၍ ပျက်စီးခြင်း စသည်တို့ ကြုံတွေ့ခဲ့ရပြီး လမ်းပိုင်းအလိုက် ဦးစားပေးပြုပြင်နိုင်ခဲ့သဖြင့် သာစည်-ရွှေညောင် လမ်းပိုင်းတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှစ၍ အပတ်စဉ် အမှတ်(၁၄၁)အဆန် သာစည်-ရွှေညောင်ရထားအား သောကြာနေ့နှင့် အမှတ်(၁၄၂)အစုန် ရွှေညောင်-သာစည် ရထားအား တနင်္လာနေ့များတွင် ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ အောက်တိုဘာ ၃၁ ရက်မှစတင်၍ သာစည်မှ တောင်ကြီးအထိ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

အဆိုပါ အမှတ်(၁၄၁)အဆန်ရထားသည် သာစည်မှ နံနက် ၅ နာရီ ထွက်ခွာ၍ တောင်ကြီးသို့ ညနေ ၆ နာရီခွဲတွင်လည်းကောင်း၊ အမှတ်(၁၄၂) အစုန်ရထားသည် တောင်ကြီးမှ နံနက် ၆ နာရီထွက်ခွာ၍ သာစည်သို့ ည ၇ နာရီခွဲတွင် လည်းကောင်း ရောက်ရှိမည်ဖြစ်ပြီး ဘူတာစဉ်အလိုက် ရပ်တန့်ပေးသွားမည်ဖြစ်ကာ ခရီးစဉ်အစအဆုံးအတွက် လက်မှတ်ခအနေဖြင့် ရိုးရိုးတန်း ငွေကျပ် ၁၂၀၀၀ ၊ အထက်တန်း ငွေကျပ် ၁၄၀၀၀ ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖




## ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံး အားကစားပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲစဉ် ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ ညနေပိုင်းတွင် အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်အဖြစ် အုပ်စု(က)မှ အုပ်စုပထမဖြစ်သည့် ရန်ကုန်ဇုန်(က)အသင်းနှင့် အုပ်စု(ခ)မှ အုပ်စုဒုတိယဖြစ်သည့် ရန်ကုန်ဇုန်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂



## ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီနှင့် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် အောက်တိုဘာ ၂၉

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီနှင့် ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ

## ယနေ့ ဖတ်စရာ


စက်သုံးဆီတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် အဖွဲ့အစည်းများသို့ အသိပေးကြေညာချက် စာမျက်နှာ » ၁၃

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား နှောင့်ယှက်ဟန့်တားဖျက်ဆီးလိုသည့် အနုပညာရှင်သုံးဦး ဥပဒေနှင့်အညီအရေးယူဆောင်ရွက် စာမျက်နှာ » ၁၄

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မြောင်းမြို့သို့ ဆက်သွယ်ထားသည့် ရေဝတီတံတား(ရတနာသိခ်)အား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် ပူးပေါင်းအဖွဲ့များက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး စာမျက်နှာ » ၁၅